ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ သောကြာနေ့၊ (31-10-2008) (၅၈၄၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ စီးပွားရေးအပါအဝင် ရုပ်ပိုင်းဘဝ တိုးတက်ရေးအတွက်သာမက အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး အပါအဝင် လူမှုဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်

နိုင်ငံတကာနှင့် တိုးမြှင့်ဆက်ဆံပြီး နိုင်ငံခေတ်မီတိုးတက်ရေးကြိုးပမ်းနေသော ယနေ့အချိန်တွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအား အစဉ်ခိုင်မာစေရေးအတွက် အမျိုးသားရေးသတိဖြင့် ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၃၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကြီးကြပ်ဆောင်ရွက်၍ အကဲဖြတ်အမှတ်ပေးခဲ့ကြသော အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အနုပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ယနေ့လူငယ်များကို မိမိရိုးရာယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းခြင်း၏ အနှစ်သာရကို သိမြင်ခံစားရပြီး ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့်စိတ်ဓာတ် အစဉ်ရှင်သန်နေစေရန်အတွက် အနုပညာစွမ်းအားဖြင့် စွမ်းဆောင်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကြီးကြပ်ဆောင်ရွက်၍ အကဲဖြတ်အမှတ်ပေးခဲ့ကြသော အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ)

(သတင်းစဉ်)

ကြေးမုံ The Mirror
၃၁-၁၀-၂၀၀၈
(သောကြာနေ့)

သံစဉ်ရသ အလင်္ကာမြောက် သုခုမပညာ ထိန်းသိမ်းမြှင့်တင်

မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးသည် ရှေးနှစ်ပေါင်းများစွာကပင် ပေါ်ထွန်းဖြစ်တည်လာခဲ့ရာ ယခုအထိ တည်တံ့ခိုင်ခံ့ ထည်ဝါနေဆဲဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ လူမှုကျင့်ဝတ် ဓလေ့ထုံးတမ်း အစဉ်အလာများ၊ မြန်မာ့စိတ်ရင်းစေတနာနှင့် သိမ်မွေ့နက်နဲမှုများကို မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များတွင် တွေ့မြင်ခံစားရရှိနိုင်သည်။

နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နေသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းစဉ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

ယခုနှစ်တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲဝင် ၂၆၀၅ ဦးတို့က အဆို၊ အက၊ အရေး၊ အတီးကဏ္ဍအလိုက် မြန်မာ့ဂီတ၏ ပင်ကိုအနှစ်သာရနှင့်အညီ ခံ့ညားထည်ဝါစွာ ယှဉ်ပြိုင်ခဲ့ကြသည်။ အနုပညာရှင်များက သံစဉ်ဖွဲ့စည်းမှုအမျိုးမျိုး၊ အကွန့်အမြူး အစီအခြယ်အသွယ်သွယ်၊ သိမ်မွေ့နက်ရှိုင်းမှုအစုစုတို့ဖြင့် အစွမ်းကုန်ဖော်ထုတ် တင်ဆက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲကြီး၏ သံစဉ်ရသ အလင်္ကာမြောက် မြန်မာ့သုခုမ အနုပညာရပ်များ၏ ဂုဏ်ဒြပ်နှင့်အရည်အသွေးကို ဖော်ညွှန်းလျက်ရှိသည်။

ခေတ်အဆက်ဆက်တွင် မြန်မာ့သုခုမ အနုပညာရှင်များ၊ မြန်မာ့လက်မှုပညာရှင်များက ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်၊ အယူအဆ၊ အသိအလိမ္မာတရားများကို ပြည်သူအများ မပြတ်ထိတွေ့နေစေရေး သိမ်မွေ့စွာ စွမ်းဆောင်ပေးခဲ့ကြသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်နေကြဆဲဖြစ်သည်။

ယနေ့ကာလကဲ့သို့ တိုင်းတစ်ပါး ယဉ်ကျေးမှုနှင့် လူနေမှုစရိုက်များ အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်လွှမ်းမိုး လာနေချိန်တွင် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ တင့်တယ်ထည်ဝါ ခိုင်မြဲနေစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အနုပညာရှင်များအားလုံးက မြန်မာ့ယဉ်ကျေးမှုပင်စည်ကြီး၏ အခက်အလက်၊ အသီးအပွင့် အနုသုခုမပညာရပ်များ ဝေဆာနေမှုကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးနေစေရေး ထိန်းသိမ်းမြှင့်တင်ရင်း ပြည်သူ့အကျိုးစီးပွားကို အနုပညာစွမ်းအားဖြင့် ဆက်လက်သယ်ပိုး စွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ရေဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူဒါနပြုပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဘောင်ထရီလမ်းရှိ မိုးညှင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီး ကြည်မောင်(ငြိမ်း) ဖုန်း- ၅၃၅၀၁၄၊ ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁၊ ဦးခင်မောင်ဌေး ဖုန်း-၀၉၅၀၀- ၅၁၁၂၊ ဦးကံကြီးမောင် ဖုန်း-၂၉၇၉၁၆ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ပူဇော်ပွဲနှင့်ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက် အသင်းတို့ကကြီးမှူး၍ အသက် ၇၀ မှ ၉၀ အတွင်းရှိ ဂုဏ်ထူးဆောင်နာယကများအား (၁၄) ကြိမ်မြောက် ပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ် တောင်တက်ခရီးကြမ်းများတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၂ ရက် (၁၃၇၀ ပြည့်နှစ်၊ အမျိုးသားနေ့) စနေနေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ခြေလျင်နှင့်တောင်တက် ကျောင်းသားဟောင်း မျိုးဆက်သစ်အဖွဲ့ဝင်များအား မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခဦးမျိုးသန့်(မြန်မာစာဌာန၊ရန်ကုန်တက္ကသိုလ်) (အဆောင်မှူး၊ အင်းဝဆောင်)ဖုန်း-၅၃၆၀၇၂၊ ၅၃၅၇၉၈၊ ၀၉-၅၀၁၀၇၅၄ နှင့် ကျောင်းသားဟောင်း မျိုးဆက်သစ်အမှုဆောင်အဖွဲ့ဝင်များထံ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သောက်သုံးရေပေးဝေရေးလုပ်ငန်း စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြို့နယ်များသို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ထပ်မံဖြည့်တင်းပေးဝေနိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ စည်ပင်သာယာ ရဲတပ်ဖွဲ့ဝင်းသို့ ရောက်ရှိလာပြီး အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အနက်ပေ ၁၂၀၊ အကျယ် ၁၂ ပေရှိ ရေစုတွင်းကျယ် (Radial Collector Well) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရေစုတွင်းကျယ် တူးဖော်တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အထက်ပါ ရေစုတွင်းကျယ် (Radial Collector Well) သည် လာမည့်နွေရာသီမတိုင်မီ ပြီးစီးမည်ဖြစ်ပြီး ရေထွက်နှုန်းထားမှာ တစ်ရက်လျှင် ရေဂါလန် နှစ်သန်းမှ ငါးသန်းအထိ ထွက်ရှိသဖြင့် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်မြို့နယ်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေများ ထပ်မံဖြည့်တင်းပေးဝေ သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၉)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး အဌမအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ပညာရေး)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူးကျင်းပသော အဌမအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်) အခန်းအမှတ်(၁၀)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်နှင့် ဆရာကြီး ဦးစိန်မင်းတို့က ဆုရရှိသူများ စာရင်းကို ဖတ်ကြားကြေညာကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိကြသူများအားလည်းကောင်း၊ တာဝန်ရှိသူများက အကောင်းဆုံး သုတေသန စာတမ်းဆု ရရှိသူများအားလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အတွင်း သဘာဝဝန်းကျင် ရေထုတွင် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို လေ့လာစိစစ်ပြီး အကျိုးပြု အဏုဇီဝ ဘက်တီးရီးယားဖြင့် ပြန်လည်ကုစားခြင်း သုတေသနလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသူများအား လည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၁၀/၂၀၀၈) အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ယခင်(၉/၂၀၀၈) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး သဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) က နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အဆိုအကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပြည်နယ်နှင့်တိုင်း အုပ်ချုပ်သူများကိုယ်စား ကရင်ပြည်နယ်မှ အုပ်ချုပ်သူ ဦးစောထားလုံအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နေပြည်တော်၌ လေ့လာရန် ရောက်ရှိနေကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ညနေ ၅ နာရီတွင် အခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကိုကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေကြသော အနုပညာရှင်ကြီးများကို ယခုကဲ့သို့ စုံစုံညီညီကျန်းမာရွှင်လန်းစွာ တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ရှေ့တန်းမျက်နှာစာတစ်ခု ဖြစ်ကြောင်း၊ ထိုသို့ အမျိုးသားရေးအနှစ်သာရနှင့် ပြည့်စုံလှသည့် ပြိုင်ပွဲကြီးများကို တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းအောင် စိတ်ရောကိုယ်ပါ အားထုတ်ကြိုးပမ်း စွမ်းဆောင်ပေးကြသော အနုပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးသည် ကြီးမားလှကြောင်း။

ထို့ကြောင့် ပြိုင်ပွဲကြီးတစ်ရပ် ပြီးမြောက်သွားသည့်အခါတိုင်းတွင် အနုပညာရှင်ကြီးများ၏ ပါဝင်ကြိုးပမ်းအားထုတ်မှုများ၏ အကျိုးတရားနှင့် ကျေးဇူးကို အသိအမှတ်ပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း။

အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များကိုယ်စား ဗဟိုအကဲဖြတ်ပညာရှင် ဒေါ်နွဲ့နွဲ့စန်း ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ စီးပွားရေးအပါအဝင် ရုပ်ပိုင်းဘဝ တိုးတက်ရေးအတွက်သာမက အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေးအပါအဝင် လူမှုဘဝ တိုးတက်မြင့်မားရေးအတွက်လည်း ဟန်ချက်ညီညီ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စောင့်ရှောက်မြှင့်တင်ပေးနေခြင်းသည် အမျိုးသားယဉ်ကျေးမှု စွမ်းအားပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတကာနှင့် တိုးမြှင့်ဆက်ဆံပြီး နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ယနေ့အချိန်အခါတွင် ကြုံတွေ့ကြရသည့် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်စေရန် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအား အစဉ်အမြဲခိုင်မာနေစေရေးအတွက် အမျိုးသားရေးသတိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အနုပညာရှင်ကြီးများအပါအဝင် ပြည်သူအများစုကြီးက သတိတရားရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သောအကျိုးတရားကြောင့် ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာကောင်းများ ယနေ့တိုင် ခံ့ခံ့ထည်ထည် ခိုင်ခိုင်မြဲမြဲအဓွန့်ရှည် တည်တံ့နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့လူငယ်များကို မိမိရိုးရာယဉ်ကျေးမှု၏အဆင့်အတန်းမြင့်မားမှုနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းခြင်း၏အနှစ်သာရကို သိမြင်ခံစားရပြီး ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့်စိတ်ဓာတ် အစဉ်ရှင်သန်နေစေရန်အတွက် အနုပညာစွမ်းအားဖြင့် စွမ်းဆောင်ပေးကြပါဟု ပန်ကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီး၌ တစ်နိုင်ငံလုံးက တိုင်းရင်းသားအနုပညာရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လျက်ရှိကြသည့်အတွက် ယခုပြိုင်ပွဲကြီးသည် အလွန်ခိုင်ခံ့သော အနုပညာအရင်းအမြစ်ကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

ဤအားကောင်းခိုင်ခံ့ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံနေသည့် အနုပညာအရင်းအမြစ်များကို တန်ဖိုးရှိရှိ ထိထိရောက်ရောက် အသုံးချပြီး မြန်မာ့ရိုးရာအနုပညာရပ်များ မျိုးဆက်ချင်းဆက် သယ်ဆောင်ပြန့်ပွားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ ပြည်ထောင်စုကြီးတစ်ရပ်လုံး လွှမ်းခြုံထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားယဉ်ကျေးမှု မြတ်နိုးလေးစားထိန်းသိမ်းမှု၌ တညီတညွတ်တည်းဖြစ်စေရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်စေရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် နိုးကြားရှင်သန်လျက်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မှုစွမ်းအားကောင်းများ ပိုမိုခိုင်မာထက်မြက်လာစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ရိုးရာအစဉ်အလာမပျက် ဆက်လက်ဆင့်ပွား တိုးတက်ဖြစ်ထွန်းစေရန် အနုပညာရှင်ကြီးများအားလုံးက တက်တက်ကြွကြွ ဆက်လက်အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဗဟိုအကဲဖြတ် ပညာရှင်များဖြစ်ကြသော အဆိုအကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြအားလည်းကောင်း၊ အကအကဲဖြတ်ပညာရှင်များကိုယ်စား အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်အားလည်းကောင်း၊ အရေးအကဲဖြတ်ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အားလည်းကောင်း၊ အတီးအကဲဖြတ်ပညာရှင်များကိုယ်စား အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်အားလည်းကောင်း၊ အခမ်းအနားမှူးများကိုယ်စား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်ပညာရှင် ဦးလှဝင်းအားလည်းကောင်း၊ ပြည်နယ်နှင့်တိုင်းအုပ်ချုပ်သူများကိုယ်စား ကရင်ပြည်နယ်မှ အုပ်ချုပ်သူ ဦးစောထားလုံအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များကိုယ်စား ဗဟိုအကဲဖြတ်ပညာရှင် ဒေါ်နွဲ့နွဲ့စန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အကပညာရှင် စန်းစန်းနု(ခ)စန်းနီလာဝင်းနှင့် အဆိုပညာရှင်ဒေါ်မြင့်မြင့်ကြည်တို့က စောင်းပညာရှင်ဦးသက်ဝေ၏ တီးခတ်မှုနှင့်တွဲဖက်၍ "ရတနာပုံ" သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အကပြိုင်ပွဲရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်နှင့် မသူဇာလှိုင်တို့က ရွှာစားကျော် အောင်ဝမ်းတူး ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ "ဆန်းနွေဦး"နှစ်ပါးသွားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဂီတလုလင်ဦးကိုကို သီကုံးရေးစပ်ခဲ့သော "ပြန်လည်ဆုံဆည်းကြမယ်" တေးသီချင်းဖြင့် အဆိုပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမီးပျိုလေးများက ရွှာစားကျော်အောင်ဝမ်းတူး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဆိုပြိုင်ပွဲ
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၀	၈။	**"ကုသမနေ့းတိဘိဘော" (ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၈း၃၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ(ဒုတိယနှစ်) (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	အကပြိုင်ပွဲ
၅း၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၅း၂၀	၉။	မြန်မာစာ မြန်မာစကား
၅း၃၀	၁၀။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၅	၁၁။	သူရွှေးသီရာ တေးကဗျာ
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၃၀	၁၃။	မိုးလေဝသအခြေအနေ
၆း၃၅	၁၄။	သုတစုံလင်ရွှေညဏ်ရှင်
၇း၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၂၂)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄၂)**
	၂၁။	အစီအစဉ်ပြီး၏။

အထကရေကြည် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်း၊ အထက ရေကြည် (၁၉၅၃-၂၀၀၈)တွင် ပညာသင်ကြားပို့ချပေးကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား နိုဝင်ဘာ ၂၂ရက်(အမျိုးသားနေ့)စနေနေ့ နံနက် ၁၀ နာရီတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အထကရေကြည်ရှိ တေဇာသီရိခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံပေးပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးသက်နိုင် ဖုန်း-၀၉-၈၆၁၀၃၈၂၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ ၀၁-၅၀၀၁၂၃၊ ဦးကိုကိုလွင် ဖုန်း-၀၉-၅၁၆၀၆၆၂၊ ၀၁-၂၉၀၄၇၃၊ ဦးမျိုးညွန့် ဖုန်း-၀၉-၈၅၈၃၀၀၈၊ ၀၄၆-၅၂၀၄၂၊ ဦးအေးနိုင်(ပေါက်ပေါက်) ဖုန်း-၀၄၆-၅၂၁၃၅၊ ဦးကျော်စွာ ဖုန်း-၀၄၆-၅၂၃၄၃ နှင့် ဆရာဦးမောင်ကျော် ဖုန်း-၀၄၆-၅၂၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အိုဘားမားနှင့်ယှဉ်ပြိုင်ရာ၌ မက်ကိန်း အခက်အခဲနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရမည်ဟု လူထုသဘောထား စစ်တမ်းအရသိရှိ

ဝါရှင်တန် အောက်တိုဘာ ၂၉

အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကန်သမ္မတလောင်းဂျွန်မက်ကိန်းသည် လာမည့် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် အခက်အခဲနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ရက် နောက်ဆုံးကောက်ခံရရှိသော ပြည်သူ့သဘောထားအရ သိရှိရသည်။

၎င်း၏ ယှဉ်ပြိုင်ဘက်ဖြစ်သောဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်အိုဘားမားသည် အစဉ်အလာအရ ဒီမိုကရက်တစ်ပါတီကို မထောက်ခံသော ပြည်နယ်များတွင်ပင် အသာစီးရရှိနေကြောင်းသိရသည်။ထိုပြည်နယ်များသည် ၂၀၀၄ ခုနှစ်က သမ္မတဂျော့ဂျ်ဒဗလျူဘုရှ် အနိုင်ရရှိခဲ့သောပြည်နယ်များဖြစ်ကြောင်း မကြာသေးမီက စီအင်န်အင်န်သတင်းဌာန၏ ယင်းပြည်နယ်များတွင် ကောက်ခံထားသော ပြည်သူ့သဘောထားစစ်တမ်းအရ သိရသည်။ ကောက်ခံရရှိသောစာရင်းအရ အိုဘားမားသည် အိုဟိုင်းအိုး၊ မစ်ဇူရီ၊ ဖလော်ရီဒါ၊ နီဗားဒါးနှင့် ဗာဂျီးနီးယား ပြည်နယ်များတွင် ဂျွန်မက်ကိန်းကို အနည်းငယ် အသာစီးဖြင့် ဦးဆောင်နေသည်။

တစ်ချိန်တည်းမှာပင် ဂျွန်မက်ကိန်းသည် အင်ဒီယားနားနှင့် အနောက်ဗာဂျီးနီးယားပြည်နယ်တို့တွင်ဦးဆောင်နေကြောင်း သိရသည်။ သို့သော်မည်သည့်အခါမျှဒီမိုကရက်တစ်ပါတီကို မထောက်ခံဘဲ ရီပတ်ဘလီကန်ပါတီတို့ အနိုင်ရရှိသည့် အိုဟိုင်းအိုးပြည်နယ်တွင် ဘာရက်အိုဘားမားက ၅၀ ရာခိုင်နှုန်းနှင့် ဂျွန်မက်ကိန်းက ၄၆ ရာခိုင်နှုန်းရရှိခဲ့ရာ အိုဘားမားက လေးရာခိုင်နှုန်းအသာစီးဖြင့် အနိုင်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

သမ္မတဘုရှ်နှစ်ကြိမ်တိုင်တိုင်အနိုင်ရရှိခဲ့သော မစ်ဇူရီပြည်နယ်တွင် အိုဘားမားက ဂျွန်မက်ကိန်းကို တစ်ရာခိုင်နှုန်း အသာဖြင့် ဦးဆောင်နေပြီး ဖလော်ရီဒါပြည်နယ်တွင် အိုဘားမားက ၄၈ ရာခိုင်နှုန်းနှင့် ဂျွန်မက်ကိန်းက ၄၆ ရာခိုင်နှုန်း ရရှိပြီး အိုဘားမားက နှစ်ရာခိုင်နှုန်း အသာဖြင့် ဦးဆောင်နေကြောင်း သိရသည်။ ထို့ပြင်နီဗားဒါးပြည်နယ်တွင် အိုဘားမားက ၄၉ ရာခိုင်နှုန်းနှင့် ဂျွန်မက်ကိန်းက ၄၅ ရာခိုင်နှုန်းရရှိခဲ့ရာ အိုဘားမားက လေးရာခိုင်နှုန်း အသာဖြင့် အနိုင်ရရှိခဲ့သည်။ ယခုကဲ့သို့ အိုဘားမား အသာစီးရနေပြီး မက်ကိန်း အားနည်းနေသည့် အခြေအနေကိုပြောင်းလဲပစ်၍ မရနိုင်တော့ကြောင်း သတင်းက ဖော်ပြသည်။ ဆယ်စုနှစ် လေးခုကျော်ကြာတိုင် ဒီမိုကရက်တစ်ပါတီကို မဲပေးထောက်ခံခြင်းမရှိသော ဗာဂျီးနီးယားပြည်နယ်တွင် အိုဘားမားက ၅၀ရာခိုင်နှုန်းနှင့် မက်ကိန်းက ၄၅ ရာခိုင်နှုန်း သာရရှိပြီး အိုဘားမားက ငါးရာခိုင်နှုန်း အသာရရှိခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်း၌ အင်ဒီယားနားပြည်နယ်တွင်မက်ကိန်းကတစ်ရာခိုင်နှုန်း အသာဖြင့် ဦးဆောင်နေပြီး ကျန်ရှိနေသည့်ပြည်နယ်များမှာ၁၉၆၀ ပြည့်နှစ်ကတည်းကစ၍ ဒီမိုကရက်တစ်ပါတီအား မဲပေးထောက်ခံခြင်းမရှိသော်လည်း အိုဘားမားသည် ၎င်းပြည်နယ်များကိုအဓိကထား၍မဲဆွယ် စည်းရုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုဆူးတွင် ပစ်ခတ်မှုနှင့် ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားသုံးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း မငြိမ်မသက်ဖြစ်နေသော မိုဆူးမြို့တွင် အောက်တိုဘာ ၂၈ ရက်က လက်နက်ကိုင်တစ်စုသည် ကားမောင်းလျက် ပစ်ခတ်သွားရာ ရဲတပ်ဖွဲ့ဝင် လေးဦး သေဆုံးသွားသည်။ ဘဂ္ဂဒက်မြို့ သီးခြားတစ်နေရာတွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှု၌လည်း အရပ်သား သုံးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှလာသောသတင်းက ဖော်ပြသည်။

ပစ်ခတ်မှုဖြစ်

တာဝန်ချိန် ပြင်ပတွင် အရပ်သားကားနှစ်စီးဖြင့် မိုဆူးမြို့၌ သွားနေသော ရဲတပ်ဖွဲ့ဝင်များ အပစ်ခတ်ခံရသည့်အတွက် လေးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားသည်။ ထိုမြို့၏မြောက်ပိုင်းအယ်လ်အာမီးလ်ဆွန်နီရပ်ကွက်အနီးတွင် အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

လျော့သွား

များသောအားဖြင့် အီရတ်နိုင်ငံ၏အခြားအရပ်ဒေသများတွင် ဆူပူသောင်းကျန်းမှုများလျော့ပါးသွားသော်လည်း မိုဆူးဒေသတွင် မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားနေသည်ကို ယခုဖြစ်ရပ်က ဖော်ပြလျက်ရှိသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်းအယ်လ်-ဂျီဟတ်အရပ်အနီး လဟာပြင်ဈေး၌ ကားဗုံးတစ်လုံး ပေါက်ကွဲသွားရာ သုံးဦးသေဆုံးပြီး အခြား ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ဆေးရုံနှင့် ရဲတပ်ဖွဲ့ သတင်းရပ်ကွက်များက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အိုင်အီးဒီလမ်းဘေးဗုံး ထိမှန်သွားသော စစ်ဘက်ယာဉ်တန်းတစ်ခုမှ မီးခိုးလုံးများအား အဝေးမှ မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြောက်ပိုင်းကယ်ကွတ်တွင် ဖြစ်ပွားသော ပေါက်ကွဲမှုများအတွင်း ဒဏ်ရာရရှိသွားသော ကလေးငယ်နှင့် အမျိုးသမီးတစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်မြောက်ပိုင်းတွင် လူသေများ စုပေါင်းမြှုပ်နှံထားသော မြေနေရာကိုတွေ့ရှိ

မိုဆူး အောက်တိုဘာ ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း နင်နီးဗား ပြည်နယ်တွင် ပုပ်ပွနေသော လူသေအလောင်းများ စုပေါင်းမြှုပ်နှံထားသည့် သင်္ချိုင်းမြေနေရာ တစ်ခုကို အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၈ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

မြှုပ်နှံထား

ပြည်နယ်မြို့တော် မိုဆူး၏ အနောက်ပိုင်း ကီလိုမီတာ ၈၀ အကွာ တယ်လ်အယ်လ်ဖာမြို့လယ် လူမနေသောအိမ်တစ်လုံးတွင် ဖော်ပြပါ စုပေါင်းမြှုပ်နှံထားသည်ကို တွေ့ရှိခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

မငြိမ်မသက်ဖြစ်

ဒေသခံများ၏ သတင်းပေးချက်အပေါ် အခြေခံ၍ရှာဖွေရာမှထိတ်လန့်ချောက်ချားဖွယ်ရာ ကောင်းသော မြင်ကွင်းများကို တွေ့မြင်ကြရခြင်းဖြစ်သည်။ တယ်လ်အယ်လ်ဖာဒေသသည် ကာ့ဒ်၊ ရှီးရိုက်နှင့်ဆွန်နီ အာရပ်များ ရောနှောနေထိုင်ရာဒေသ ဖြစ်ပြီး အီရတ်ကို အမေရိကန်တို့ စတင်ကျူးကျော်ချိန်မှ ယခုတိုင်အောင် မငြိမ်မသက်ဖြစ်နေသော နယ်မြေတစ်ခုလည်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ ပိုလန်တပ်ဖွဲ့ဝင် အားလုံး ရုပ်သိမ်းမှုပြီးစီး

ဂိုလီနော အောက်တိုဘာ ၂၉

ပိုလန်နိုင်ငံသည် အီရတ်တွင် ရောက်ရှိနေသည့် ယင်း၏နောက်ဆုံးအသုတ်တပ်ဖွဲ့များကို အောက်တိုဘာ ၂၉ ရက်တွင် ရုပ်သိမ်းလိုက်ခြင်းဖြင့် ငါးနှစ်ခွဲကြာအီရတ်၌ တာဝန်ယူခဲ့သည့် စစ်ရေးလုပ်ငန်းများကို အဆုံးသတ်လိုက်ပြီဖြစ်သည်။ တပ်ဖွဲ့ဝင် ၁၀၀ ခန့်ကို သယ်ဆောင်လာသော လေယာဉ်သည် ပိုလန်နိုင်ငံ ဂိုလီနောမြို့လေဆိပ်သို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်းကို နိုင်ငံပိုင် ရုပ်သံသတင်းဌာနက ကြေညာသွားသည်။ ထိုတပ်ဖွဲ့များနှင့်အတူ အီရတ်ရောက်တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး အန်ဒရေ့ခ်မာလီနောစကီးလည်း ပြန်လည်လိုက်ပါလာသည်။ ပိုလန်နိုင်ငံ၏ လက်ရှိဝန်ကြီးချုပ်သည် ဒေါ်နယ်တပ်စ်ဖြစ်သည်။ ၂၀၀၇ ခုနှစ် မဲရွေးပွဲများကျင်းပစဉ်အချိန်က ၎င်းသည် အီရတ်နိုင်ငံရောက် ပိုလန်တပ်ဖွဲ့များကို မြန်ဆန်စွာရုပ်သိမ်းပေးမည်ဟု ပြည်သူများအား ကတိကဝတ်ပြုခဲ့သည်။ ***အင်တာနက်။***

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်က တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ ဒီရာလာပြည်နယ်တွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများကနှိုးကြားရေးကောင်စီအဖွဲ့ ခေါင်းဆောင်တစ်ဦး၏ နေအိမ်အား တိုက်ခိုက်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုတိုက်ခိုက်မှုကြောင့် ၎င်းအဖွဲ့ခေါင်းဆောင် အဗ္ဗဒူလ်ကရမ်ဟက်ဆန်၏ မိသားစုမှ ကလေးသုံးဦး သေဆုံးပြီး ဟက်ဆန်နှင့် ၎င်း၏မိသားစုမှ အမျိုးသမီးသုံးဦးနှင့် ကလေးသုံးဦး ဒဏ်ရာရရှိကြောင်း ယင်းဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အလားတူ ဘဂ္ဂဒက်မြို့ မြောက်ဘက်ကီလိုမီတာ ၄၀၀ အကွာရှိ မိုဆူးမြို့တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအနီး ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ရဲကားတစ်စီးပျက်စီးပြီး အနီးနားရှိ အရပ်သားကားများနှင့် အဆောက်အအုံများလည်းပျက်စီးခဲ့ကြောင်း သိရသည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ယူအာရပ်ကွက်တွင် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး လမ်းဘေးဗုံးထိမှန်မှုကြောင့် ဝန်ထမ်းနှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မိုဆူးမြို့ အမေရိကန်စစ်ဆေးရေးဂိတ်တွင် အီရတ်ပြည်သူများ အစစ်အဆေးခံနေရသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၆) ကြိမ် မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီး ကော် မတီ၏ ပြန်လည်သုံးသပ် ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

အောက်တိုဘာ ၁၅ရက်မှ ၂၉ရက်အထိ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေနှင့် ရွာတော်ရှိသတ်မှတ်နေရာအသီးသီး၌ အောင်မြင်စွာ ကျင်းပပြီးစီးသွားသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ သုံးသပ်ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အနုပညာရှင်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆွေးနွေးမှာကြားရာတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၅ရက်မှ စတင်ကျင်းပခဲ့ရာ ကော်မတီအသီးသီးနှင့် အနုပညာရှင်ကြီးများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်များ၊ နေပြည်တော် ရေဆင်း တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ/ဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်ချောမောစွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်ဘာသာရပ်များ၊ ပြိုင်ပွဲဝင်ဦးရေများ ပိုမိုတိုးတက်ယှဉ်ပြိုင်လာခြင်းကို အားရဖွယ် တွေ့ရသကဲ့သို့ ပြိုင်ပွဲဝင်များ၏ အနုပညာအရည်အသွေးများ တိုးတက်လာခြင်း၊ ပြည်နယ်/တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်လာခြင်းများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဦးတည်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရုံသာမက တစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုသည့် ဦးတည်ချက်များကိုလည်း ကြီးမားစွာ အထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်နှင့် အနုပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ၏ စွမ်းအားကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်က တစ်နှစ်ထက်တစ်နှစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပေးနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို လာမည့်နှစ်တွင် (၁၇)ကြိမ်မြောက် ပြိုင်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်နိုင်ရန် ယခုနှစ်ပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၏ ယမန်နှစ်က ဆုရရှိမှု အခြေအနေနှင့် ယခုနှစ်ဆုရရှိမှု အခြေအနေကို သုံးသပ်ဆွေးနွေးပြီး ပြိုင်ပွဲဝင်များ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများတွင် စွမ်းရည်ထက်မြက်စွာဖြင့် ပြိုင်ပွဲဝင်နိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ကူညီပံ့ပိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ဆောင်ရွက် ချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးသုံးသပ်ညှိနှိုင်းကြသည်။

ယင်းနောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရအားကစားသမားများဂုဏ်ပြု

ရန်ကုန် အောက်တိုဘာ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၂၈ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများက အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အောင်ပွဲရ အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပအားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ် ၁၅ခု ရရှိခဲ့ပြီး ပြည်တွင်းပြိုင်ပွဲများ၌ ရွှေတံဆိပ် ၄၇ခု၊ ငွေတံဆိပ် ၄၂ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်း ဆုတံဆိပ်၁၆၆ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်တောရေးရာ ဝန်ကြီးဌာန အောင်ပွဲရ အားကစားသမား များဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် အမှာ စကား ပြောကြားစဉ်။

(သစ်တော)

The LIVE NEWS ဂျာနယ် အမှတ်(၁၀၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၀၄)တွင် မြင်းမူမောင်နိုင်မိုး၏ အလိုရှိသူ၊ လူယုတ်မာ၊ နီမင်းဆွေ၏ အနာခံမှ အသာစံရ၊ ကိုကိုလှိုင်၏ အမေရိကန်ရွေးကောက်ပွဲ ဘယ်သူနိုင်မလဲ၊ ဦးကို၏ လမ်းပေါ်က အတွေးများ (၂၂) လောကနိဗ္ဗာန်မှ သွေ့ဖည်သော ယာဉ်မောင်းများ၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင် အဝိုင်းကြီးများ (Round-about)(၅)၊ နီငြိမ်း (အညာ တက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ဘဝအလှည့် အပြောင်းများအပိုင်း(၄)၊အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၇)၊ သစ်လွင်မိုး၏ ငွေကြေး အကျပ်အတည်း ကျော်လွှားနိုင်ရေး ဥရောပသမဂ္ဂပြင်ဆင်မှုများပြုလုပ်၊မောင်နေလင်း၏ တက္ကစီမင်းနှင့် မျက်ကန်းအချစ်သမား၊ ဒီကောင်မလေးက သရုပ်ဆောင်တာအကုန်ကောင်းတယ်ဆိုတဲ့ နေရာမျိုးလေး ရောက်ချင်တဲ့ သရုပ်ဆောင်မလေး မေကဗျာ၊ အန္တရာယ် ချောက်ကမ်းပါးအစပ်မှ ပါကစ္စတန်၊ ဈေးကွက်စီးပွားရေး၏ အားနည်းချို့ယွင်းချက်များ အလန် ဂရင်းစပန်းဝန်ခံ၊ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို လက်တွဲရင်ဆိုင်ဖြေရှင်းကြမည့်အာရှ-ဥရောပထိပ်သီးခေါင်းဆောင်များ၊ မြောက်အမေရိကနှင့် ဥရောပတွင် ဆင်းရဲ-ချမ်းသာ ကွာဟချက်ကြီးမားလာ၊ မြောက်ကိုရီးယားသူလျှိုမယ်အား တောင်ကိုရီးယား တရားရုံးက ထောင်ဒဏ်ချမှတ်၊ မျက်ဝန်းရိပ် အပိုင်း(၂၃၊၂၄)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၄၃၊၄၄)၊ လေကြောင်းမြို့တော် အပိုင်း(၉၊၁၀) စသည့်သတင်းဆောင်းပါး၊အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅၀ိ/-၊၆လ-၂၆စောင်-၁၁၇၀၀ိ/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် (၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မျိုးဗီဇပြောင်းလဲထားသောကြောင် အစိမ်းရောင်အလင်းတန်းများဖြာထွက်နိုင်

နယူးအော်လန်း အောက်တိုဘာ ၃၀

မျိုးရိုးဗီဇလိုက်ကာ ဖြစ်ပွားတက်သည့် ရောဂါဘယများနှင့် ပတ်သက်၍ ကုထုံးသစ်များ ဖော်ထုတ်နိုင်ရန်ရည်ရွယ်လျက် မျိုးဗီဇပြောင်းလဲထားသော ကြောင်တစ်ကောင်ကို အမေရိကန် သိပ္ပံပညာရှင်များက စမ်းသပ်မွေးမြူထားကြောင်း ယနေ့အင်တာနက် သတင်းတွင်ဖော်ပြသည်။

ခြောက်လသားခန့်ရှိ ကြောင်ထီးလေးကို နယူးအောလန်းမြို့ရှိ မျိုးသုဉ်းမည့် မျိုးစိတ်များ သုတေသနဌာနတွင်မွေးမြူထားကာ မျိုးဗီဇဆိုင်ရာ စမ်းသပ်မှုများကို သိပ္ပံပညာရှင်တို့ ပြုလုပ်လျက်ရှိသည်။

မစ္စတာဂရင်းဂျင်းဟု အမည်ပေးထားသောအဆိုပါကြောင်လေးကို ခရမ်းလွန်ရောင်ခြည်အောက်တွင်ထားရှိပါက ယင်းကြောင်၏ မျက်လုံးများ၊ သွားဖုံးနှင့်လျှာတို့မှ အစိမ်းရောင်အလင်းတန်းများကို စူးရှသော အလင်းရောင်ခြည် ဖြာထွက်သည့် အလားတွေ့မြင်ရကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်အောက်ရှိ တိရစ္ဆာန်ဆေးကုသရေး ကောလိပ်မှ တွဲဖက်ပါမောက္ခ လက်စလီလီယွန်က ပြောကြားသည်။

ရောင်ခြည်ဖြာထွက်စေနိုင်စွမ်းရှိသော ကြောင်(Fluorescent Cat) ကို ပုံတူကိုယ်ပွား နည်းပညာအရ မွေးမြူနိုင်ခြင်းမှာအမေရိကန်နိုင်ငံတွင် ပထမဆုံး အကြိမ်ဖြစ်သည်။

ဇီဝသိပ္ပံသတင်း ဘာသာပြန်-စံစံ

သိပ္ပံပညာရှင်များ၏ ရည်ရွယ်ချက်မှာ မျိုးဗီဇတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲနိုင်ခြင်းဖြင့် မျိုးဗီဇဆိုင်ရာ ကုထုံးသစ်များကို ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း၊ ဆီးချိုကဲ့သို့သော ရောဂါမျိုးသည် မျိုးဗီဇလိုက်ကာ ဖြစ်ပွားနိုင်ပြီး မျိုးဗီဇကုထုံး (Gene Therapy) တီထွင်နိုင်ရန် မျှော်လင့်ကြောင်းအဆိုပါသုတေသနဌာန ညွှန်ကြားရေးမှူး ဘက်ဆီဒရက်ဆာက ပြောကြားသည်။

ကြောင်တို့၏ မျိုးရိုးဗီဇ ဖွဲ့စည်းပုံသည် လူတို့၏မျိုးရိုးဗီဇ ဖွဲ့စည်းပုံနှင့် ဆင်ဆင်တူခြင်းကြောင့် မျိုးရိုးဗီဇ အင်ဂျင်နီယာ နည်းပညာအရ ကြောင်တို့၏ မျိုးဗီဇပြောင်းလဲမှု သုတေသန စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်**

ငါးမွေးမြူရေးနှင့် ပိုးသတ်ဆေးသုံးစွဲမှု

ပါမောက္ခဦးကျော်မြင့်ဦး

မြန်မာနိုင်ငံ၌ စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းနှင့် ပတ်သက်၍ အစောဆုံးအနေဖြင့် မန္တလေးတိုင်း ကူမဲငါးလုပ်ငန်းစခန်း၌ ၁၉၈၁ ခုနှစ် ဇွန်လမှ အောက်တိုဘာလအထိ သီးသန့်ပြုပြင်ထားသော လယ်ကွက်၌ စပါးနှင့် ငါးစိုက်ပျိုးမွေးမြူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်း၍ စပါးခင်းများအတွင်း ငါးမျိုးထည့်သွင်းမွေးမြူခြင်း ရှေ့ပြေးလုပ်ငန်းကို-

- **သဘာဝပတ်ဝန်းကျင်သယံဇာတကို အပြည့်အဝ အသုံးချတတ်စေရန်**
- **သဘာဝလယ်ကွက်များအတွင်း ငါးမျိုးများ ပြန်လည်တည်တံ့စေရန်**
- **ငါးမျိုးသုဉ်းမှုမှ ကာကွယ်စေ၍ ငါးထုတ်လုပ်မှု တိုးတက်စေရန်**
- **တောင်သူလယ်သမား တစ်ဦးချင်း ငါးစားသုံးမှု ပိုမိုတိုးတက်စေရန်**
- **ကျေးလက်ဒေသ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်**

စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းအားဖြင့် မြေကိုအစွမ်းကုန် အသုံးပြုနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ လွယ်ကူစွာဆောင်ရွက်နိုင်ခြင်းနှင့် ထွက်ရှိသောစပါးနှင့်ငါးမှာ မိသားစုစားသုံးမှုဖူလုံခြင်းစသည့် အားသာချက်များကြောင့် စပါးခင်းအတွင်း ငါးတွဲဖက်မွေးမြူခြင်းလုပ်ငန်းကို တဖြည်းဖြည်းအလေးပေး ဆောင်ရွက်လာကြကြောင်း တွေ့ရှိရပါသည်။ ယခုကဲ့သို့ စပါးစိုက်ကွင်းအတွင်း ပြုပြင်၍ ငါးမွေးမြူခြင်းသည် ငါးထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည့် နည်းလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

စပါးခင်းအတွင်း ငါးတွဲဖက်မွေးမြူခြင်းအားဖြင့် စပါးအထွက်ကို ၄-၁၅ရာခိုင်နှုန်းအထိ တိုးစေကြောင်း မှတ်တမ်းများအရသိရှိရပါသည်။ စပါးဖျက်ပိုးများ၏ သားလောင်းများကို ငါးများက စားသုံးခြင်းကြောင့် စပါးဖျက်ပိုး အရေအတွက် လျော့နည်းစေကာ ငါးများမှစွန့်ထုတ်သော အညစ်အကြေးများကလည်း မြေဩဇာဖြစ်စေသဖြင့် ယခုကဲ့သို့ စပါးအထွက် တိုးရခြင်းဖြစ်ပါသည်။

ပိုးသတ်ဆေးများသည် ခေတ်မီလယ်ယာစိုက်ပျိုးရေးအတွက် ပိုးမွှားအန္တရာယ်ကာကွယ်ရန် အထူးပင် အသုံးဝင်သကဲ့သို့ တစ်ဖက်၌ စပါးခင်းအတွက်မွေးမြူထားသော ငါးများကိုလည်းထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ လယ်ကွင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုမှုကြောင့် ငါးများအပေါ် အဆိပ်သင့်မှုအတိုင်းအတာကို သိရှိနိုင်ရန်အတွက် ပိုးသတ်ဆေးများ၏ ငါးများအပေါ် အဆိပ်သင့်မှုအဆင့် (Fish Toxicity Grades)များကိုလေ့လာသုတေသနပြုရန် လိုအပ်ပါသည်။

စာရေးသူအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ တာဝန်ပေးချက်အရ ၁၉၉၂ခုနှစ်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ နည်းပညာရပ်ကော်မတီတွင် ကော်မတီဝင်တစ်ဦးအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းစဉ်အရ ပိုးသတ်ဆေးများ၏ ရေသတ္တဝါများအပေါ် အဆိပ်သင့်နိုင်စွမ်းများကို သုတေသနပြုလုပ်ပြီး သုတေသနတွေ့ရှိချက်များကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးများ၌ တင်ပြဆွေးနွေး အကြံပြုရပါသည်။ ပိုးသတ်ဆေးအမျိုးအစားများကို စနစ်တကျရွေးချယ်အသုံးပြုရန် လိုအပ်ပါသည်။ ငါးမွေးမြူထားသော စပါးကွင်းရေထဲသို့ငါးများအပေါ်အဆိပ်သင့်မှုအလွန်မြင့်မားသော ပိုးသတ်ဆေးများ ရောနှောရောက်ရှိ၍ ငါးများကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် အထူးဂရုစိုက်၍ ကာကွယ်မှုများ ပြုလုပ်ရပါမည်။

စပါးခင်းအတွင်းကျရောက်သော ပိုးမွှားများကို ကာကွယ်ရန်အတွက် လိုအပ်ချက်အရ ငါးများအပေါ် အဆိပ်သင့်မှုအဆင့် အလွန်မြင့်မားသော ပိုးသတ်ဆေးများကို မဖြစ်မနေအသုံးပြုရမည်ဆိုပါက အဆိုပါ ပိုးသတ်ဆေးများကို လယ်ကွင်းထဲ၌ မပက်ဖျန်းမီ လယ်ကွင်းထဲမှ ငါးများကို ကန်သင်းပတ်လည်မြောင်းနှင့် ငါးခိုကျင်းများထဲသို့ ပြောင်းရွှေ့ထားရပါမည်။ ပိုးသတ်ဆေးများသည် ရေထဲရှိငါးများအပေါ် အဆိပ်သင့်နိုင်သည့် ဆေးကြွင်းအာနိသင်ကာလမှာ ၄ ရက်မှ ၁၄ ရက်ထိ ဖြစ်ပါသဖြင့် ကန်သင်းပတ်လည်

စာရေးသူ၏ သုတေသနတွေ့ရှိချက်များအနက်မှ ပိုးသတ်ဆေးအမျိုးမျိုးတို့၏ ငါးများအပေါ် အဆိပ်သင့်မှုအဆင့်(Fish Toxicity Grades)များကို အောက်တွင် ဇယားဖြင့်ဖော်ပြထားပါသည်-

အမှတ်စဉ်	ပိုးသတ်ဆေးအမည်	အသုံးပြုမှု	ငါးများအပေါ် အဆိပ်သင့်မှုအဆင့် (Fish Toxicity Grades)
၁။	ဆိုင်ပါမီသရင် ၁၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၂။	ဒီစစ် ၂. ၅ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၃။	ကေ-အိုသရင် ၂. ၅ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၄။	မာလာသီယွန် ၅၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၅။	ဟိုမိုင်း ၈၀ ဒဗလျူပီ	မှိုသတ်ဆေး	အလွန်မြင့်
၆။	အယ်လ်ဆန် ၅၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၇။	ပါဒါန် ၅၀ အက်စ်ပီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၈။	ဖူရာဒင် ၃ ဂျီ	အင်းဆက်ပိုးသတ်ဆေး	အလွန်မြင့်
၉။	ကိတာဇင် ၄၈ အီးစီ	မှိုသတ်ဆေး	အလယ်အလတ်
၁၀။	စူမီသီယွန် ၅၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလယ်အလတ်
၁၁။	ဟာဗစ် ၂၀ အီးစီ	ပေါင်းသတ်ဆေး	အလယ်အလတ်
၁၂။	ဒိုင်ယာဇီနွန် ၄၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလယ်အလတ်
၁၃။	ဒိုင်ယာဇီနွန် ၁၀ ဂျီ	အင်းဆက်ပိုးသတ်ဆေး	အလယ်အလတ်
၁၄။	ကိတာဇင် ၁၇ ဂျီ	မှိုသတ်ဆေး	အလယ်အလတ်
၁၅။	တော့စင် ၇၀ ဒဗလူပီ	မှိုသတ်ဆေး	အလွန်နည်း
၁၆။	ဒိုင်မီခရွန် ၅၀ အီးစီ	အင်းဆက်ပိုးသတ်ဆေး	အလွန်နည်း

အထက်ဖော်ပြပါ ဇယား၌ ဖော်ပြထားသည့် သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ စပါးနှင့် ငါးပူးတွဲ စိုက်ပျိုးမွေးမြူရာတွင် သင့်တော်သည့် မြောင်းနှင့် ငါးခိုကျင်းများထဲ၌ ရွှေ့ပြောင်းထားသောငါးများကို လယ်ကွင်းထဲ၌ ပိုးသတ်ဆေးပက်ဖျန်းပြီး ၁၄ ရက်ခန့်ကြာပြီးမှသာ လယ်ကွင်းထဲသို့ ပြန်လည် ရွှေ့ပြောင်းခြင်းဖြင့် မွေးမြူထားသော ငါးများကို ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ငါးများအပေါ် အဆိပ်သင့်မှုအဆင့်အလယ်အလတ်ရှိသော ပိုးသတ်ဆေးများကို အသုံးပြုမည်ဆိုပါက သတ်မှတ်ထားသော တစ်ဧကတွင် ပက်ဖျန်းရမည့် နှုန်းအတိုင်း တိတိကျကျ ပိုးသတ်ဆေး ပက်ဖျန်းရုံဖြင့် မွေးမြူထားသောငါးများကို အန္တရာယ်မဖြစ်စေနိုင်ပါ။ သို့ရာတွင် ပိုးသတ်ဆေး ပက်ဖျန်းမှုကို သတ်မှတ်နှုန်းထက် ပိုမိုပက်ဖျန်းခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ပိုးသတ်ဆေးကို အကြိမ်ကြိမ် ပက်ဖျန်းခြင်းများ ပြုလုပ်မည်ဆိုပါက လယ်ကွင်းထဲ၌ မွေးမြူထားသော ငါးများကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။

ငါးများအပေါ် အဆိပ်သင့်မှုအဆင့် အလွန်နည်းသော ပိုးသတ်ဆေးများကို အထူးကြိုတင်ကာကွယ်မှုလုပ်ငန်းများပြုလုပ်စရာမလိုဘဲ လွတ်လပ်စွာ အသုံးပြုနိုင်ပါသည်။

ပိုးသတ်ဆေးအမျိုးအစား များစွာရှိသည့်အနက် အများစုမှာ ငါးများအပေါ် အဆိပ်သင့်၍ သေဆုံးစေနိုင်ပါသည်။ စာရေးသူ၏ သုတေသနတွေ့ရှိချက်အရ ဆိုင်ပါမီသရင် ၁၀အီးစီ ပိုးသတ်ဆေးသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ၀ ဒသမ ၀၀၄၂ ပုံ ပျော်ဝင်ရုံမျှဖြင့် လေးလက်မအရွယ်ရှိသော ရွှေဝါငါးကြင်းကို သေဆုံးစေနိုင်ပါသည်။ အယ်လ်ဆန် ၅၀ အီးစီ ပိုးသတ်ဆေးအမျိုးအစားသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ၀ ဒသမ ၀၂ ပုံ ပျော်ဝင်ရုံမျှဖြင့် ၃ ဒသမ ၅ လက်မအရွယ်ရှိသော တီလားပီးယားငါးကို သေဆုံးစေနိုင်ပါသည်။ ထို့အတူ ဒိုင်ယာဇီနွန် ၄၀အီးစီ ပိုးသတ်ဆေးသည် ရေထုထဲ၌ အပုံတစ်သန်းပုံလျှင် ၀ ဒသမ ၈ ပုံ ပျော်ဝင်ရုံမျှနှင့် လေးလက်မအရွယ်ရှိသော ငါးမြစ်ချင်းငါးကို သေဆုံးစေနိုင်ပါသည်။

သို့ဖြစ်ပါ၍ စပါးခင်းအတွင်း ငါးတွဲဖက်မွေးမြူရာ၌ မွေးမြူထားသောငါးများအား အဆိပ်သင့်မှုမရှိစေရန် ကာကွယ်မှုများပြုလုပ်သကဲ့သို့ ပတ်ဝန်းကျင်ရေကန်များ၊ ချောင်းများ၊ မြစ်များထဲ၌ ပိုးသတ်ဆေးများကြောင့် ငါးများပျက်စီးဆုံးရှုံးမှု မရှိစေရန်အတွက် ရေသတ္တဝါများရှိရာ ပတ်ဝန်းကျင်ရေထုထဲသို့ ပိုးသတ်ဆေးပမာဏ အမြောက်အမြား မရောက်ရှိအောင်လည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ပါသည်။

ပတ်ဝန်းကျင်ရေထုထဲရှိငါးများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ထုတ်ပြန်ထားသော ပိုးသတ်ဆေးဥပဒေ (Pesticide Law)အတိုင်း တောင်သူလယ်သမားများက လိုက်နာဆောင်ရွက်ကာ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲခြင်းအားဖြင့် ဝိုင်းဝန်းကာကွယ် ဆောင်ရွက်ကြပါရန် တင်ပြလိုက်ရပါသည်။ ။

ပညာရေးငွေပဒေသာပင် စိုက်ထူ

ရန်ကုန် အောက်တိုဘာ ၃၀

ကျိုက္ခမီအသင်း (ရန်ကုန်)၏ ပညာရေးငွေပဒေသာပင် ငွေကျပ်၆၅သိန်း စိုက်ထူ လှူဒါန်းပွဲကို ရန်ကုန်မြို့ သရက်တောကျောင်းဝင်းရှိ ကျိုက္ခမီကျောင်း၌ အလှူရှင် ကျိုက္ခမီဒေါ်ခင်ကြွယ် (ကုဋေကြွယ်မိသားစု) က (၆၅)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ငွေကျပ် ၆၅သိန်းကို လှူဒါန်းရာ အသင်းအမှုဆောင် ဒေါ်ကျင်တင့်က လက်ခံရယူပြီး **(အောက်ပုံ)** အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းက အမှာစကား ပြောကြားသည်။

အဆိုပါ ပညာရေး ငွေပဒေသာပင်မှ အသင်းသူ၊ အသင်းသား သားသမီးများ ပညာရေးအတွက် လိုအပ်သူများကို ထောက်ပံ့ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၅၄၃)

မန္တလေး (GTI) ရွှေရတုနှစ်ပတ်လည် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မန္တလေး (GTI) ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို နိုဝင်ဘာ၃၀ရက် (တနင်္ဂနွေနေ့)နံနက်စနာရီတွင် မန္တလေးမြို့ (၆၈)လမ်း (၃၁)လမ်းနှင့် (၃၂)လမ်းကြားရှိ ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး စုံညီစွာ တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ဦးစိုးဝင်းသန့် ဖုန်း-၀၆၇-၄၁၄၁၄၁၊ ဦးမြင့်လွင် ဖုန်း-၀၉၅၀-၀၅၂၅၂၊ ဦးသိန်းဝင်း ဖုန်း-၀၉၅၁ ၁၂၉၈၇၊ ဒေါ်တင်မမ ဖုန်း-၀၉၅၁ ၅၆၁၂၈၊ ဦးတိုးဝင်း ဖုန်း-၀၂-၆၂၃၇၈၊ ဦးမောင်မောင် ဖုန်း-၀၂-၃၁၈၃၆၊ ဦးရန်လင်းဦး ဖုန်း-၀၉၅၁၃၂၇၉၈၊ ဗိုလ်ကြီးမြင့်ဦး ဖုန်း-၀၂-၇၃၆၁၀၊ ဦးခင်မောင်တင့်(မုံရွာ)ဖုန်း- ၀၉၂၁ ၃၀၇၀၉၊ ဦးအေးမြင့် ဖုန်း-၀၇၁-၂၂၆၇၉၊ ဦးစန်းဝေ (ရွှေဘို) ဖုန်း-၀၉၂၁ ၀၀၄၃၄နှင့် ဦးလှမြင့် (ပြင်ဦးလွင်) ဖုန်း-၀၉၂၀ ၄၄၈၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့၏မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးပွဲကိုအောက်တိုဘာ ၃၀ ရက်က ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက်ဝိုင်အမ်စီအေညေ့ရိပ်သာ ခန်းမ၌ ကျင်းပရာ ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက လုံခြုံရေး၊ သတင်းရယူရေးနှင့်မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးဟောပြောကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** (ခရိုင်ရဲ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များသို့ သွားရောက်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စက်မှုဇုန်အလိုက် တာဝန်ခံ ဝန်ကြီးများကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီ ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဟု ယုံကြည်ကြောင်း၊ ယခုအစည်းအဝေး ကျင်းပရခြင်းမှာလည်း စက်မှုဇုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိပြီး ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး အောင်မြင်အောင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပံ့ပိုးကူညီပေးနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်တင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖိုးရန်နိုင်(ကျောက်ကြီး)၏ "ဘာဝအဖော်မွန်" ကဗျာစာအုပ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ကဗျာဆရာဖိုးရန်နိုင်(ကျောက်ကြီး) ရေးသားသည့် "ဘာဝအဖော်မွန်နှင့် အခြားလက်ရွေးစင်ကဗျာစု" စာအုပ် ထွက်ရှိသည်။ **(အပေါ်ပုံ)**

ကဗျာဆရာဖိုးရန်နိုင်(ကျောက်ကြီး)၏ ပထမဆုံး ကဗျာစာအုပ်ဖြစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(ကဗျာဆရာကြီး "နောင်")နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့၏ အမှာစာများ ပါရှိသည်။

အဆိုပါ စာအုပ်တွင် "ဘာဝအဖော်မွန်" ကဗျာအပါအဝင် ရသကဗျာစု၊ ဒဿနကဗျာစုနှင့် မြန်မာ့အလှကဗျာစုဟု ခွဲခြားထားသည့် ကဗျာပုဒ်ရေ ၅၀ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၆၀၀ဖြင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၈ (သောကြာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ယုံကြည်မှုနဲ့သွားရမယ်"တရားတော်(ပထမပိုင်း) [အရှင်ဇေယျပဏ္ဍိတ(ပိုင်းလော့ဆရာတော်)]
၈း၀၅ - ၂း၀၅	မော်ကျွန်းမြို့အတွက် ဂုဏ်ဆောင်နွဲ့ စာအောင်ဆုနှင်းသဘင်ပွဲ
၈း၁၅ - ၂း၁၅	VJ Choice
၈း၃၀ - ၂း၃၀	တက်ညီလက်ညီရပ်တည်နိုင်ပြီ တိုင်းဧရာဝတီ (အားမာန်အပြည့်နှင့် လပွတ္တာမြို့နယ်မှ အင်္ဂတေကျေးရွာ)
၈း၄၅ - ၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀ - ၂း၅၀	Art Vision (Art Field Art Exhibition)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	လှေလှာဆည်းပူးသင်ယူချင်စရာ RV Centre မှာ(အပိုင်း-၁)
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	မုန်တိုင်းဒဏ်ခံ ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုအစီအစဉ်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	သတိတစ်ချက်၊ တစ်သက်အမှား (ကျော်မင်းနောင်၊ကြည်လဲ့လဲ့ဦး၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ဂုဏ်ယူစရာမြန်မာ့ခရီးသွားလုပ်ငန်းမှာ
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၃၀ - ၅း၃၀	မြန်မာ့စပီရှုလိုင်းနား
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂း၃၀ - ၆း၃၀	ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လှိုင်ကော်မြို့နယ် လောပိတကျေးရွာ နှစ်(၅၀)ပြည့် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

လောဓလေးအခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၅၉ခုနှစ်မှ ယနေ့အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လျှဒါန်းလိုပါက(ရန်ကုန်) ဦးကြည်စိုး ဖုန်း-၀၁-၆၄၂၁၈၁၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၂၃၀၈၅၅၊ (လှိုင်ကော်)၊ ဦးမော်မော် ဖုန်း-၀၈၃-၂၂၀၃၈၊ ဦးသန်းစိုး ဖုန်း-၀၈၃-၂၂၁၇၅၊ ဦးတင်ဝင်းတင် ဖုန်း-၀၈၃-၂၁၃၄၈၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၈၃-၂၁၁၅၀၊ ဦးထွန်းသိန်း (အထက၊ လောဓလေးကျောင်းအုပ်) ဖုန်း-တစ်ဆင့်/၀၈၃-၂၁၅၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

(ပညာရေး)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး အထူးရှောင်တခင်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ (ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးဝေလွင် (ဒုတိယညွှန်ကြားရေးမှူး)နှင့် မြောက်ပိုင်းခရိုင် ဦးစီးမှူး ဒေါ်နီနီရွှေ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(အဝေးပြေး)၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ အောက်တိုဘာ ၁၈ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ ဒဂုံဧရာအဝေးပြေးဂိတ်မှ ထွက်ခွာကြမည့် ခရီးသည်တင်ယာဉ် ၃၆စီးနှင့်ယာဉ်မောင်းများအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး အတွက် ယာဉ်ကြံ့ခိုင်မှု ရှိ/မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ/မရှိတို့အား အထူးရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး ဝါသနာရှင်အဆင့်(ပထမတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးကျော်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် အခြေခံပညာအဆင့် အသက်(၁၀ နှစ်မှ ၁၅နှစ်)အထိ အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိ
ဝါသနာရှင်အဆင့်(ဒုတိယတန်း) အ
တွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မ

❖ ကျောဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် မဟာဗုဒ္ဓဝင်တောထွက်ခန်း ရုပ်သေးပြိုင်ပွဲ၊ လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲ၊ ဘူရိဒတ် ဇာတ်တော်ကြီး ဇာတ်သဘင်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က အဆိုပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က အကပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကွက်စိပ်ပြိုင်ပွဲနှင့် ရုပ်သေးသူငယ်တော်အကပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တရားသူကြီးချုပ် ဦးအောင်တိုးက အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်နှင့် တတိယဆုရ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးမြင့်ဆွေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း၊ အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ထျန်လျန်ကပ်၊ ဒုတိယဆုရ ကယားပြည်နယ်မှ မချောစုနှင့် တတိယဆုရ မွန်ပြည်နယ်မှ မနန်းသီဂီဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၌ ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးကျော်လင်းက ပြိုင်ပွဲဝင်ရေးသားသည့် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးချမ်းသာနှင့် ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးသော်ဇင်ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမျိုးသန့်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်နေလင်းကျော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်ကိုကိုနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သူရ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်(ခ)ရှာလို၊ အခြေခံပညာအဆင့်(အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ပြည့်သော်တာအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကြည်ဝင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ ဒေါ်လွင်မာသိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်နန္ဒာအေး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်အေးမွန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဝင်းသီဂီကျော်၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဌေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရူပါဌေး၊ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီးစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းသီရိခင်ခင်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မအေးစုကျော်၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မခြူးသဥ္ဇာသိမ့်၊ အခြေခံပညာအဆင့် (အသက် ၅ နှစ် မှ ၁၀နှစ်) အမျိုးသမီးစောင်း အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မမြကေသွယ်ဂျော့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခ) ကြာလေးစိန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မစုရတနာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးခင်ရီ(ခ)စိန်ကျော်သင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးခိုင်မျိုးကျော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမင်းကို၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ) မျိုးဇော်အောင်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ကြည်သာဗိုလ်၊ ဒုတိယဆုရ မကွေးတိုင်းမှ မောင်အောင်ကိုကိုနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ် မှ ၁၅နှစ်)အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်း၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ခန့်လင်း၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀နှစ်) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲသူနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ခန့်စည်ဟိန်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ပေါက်ကျော်မ၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝမ်းကေဇင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မစိမ်းမိုး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအေးစုမာ၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဥ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရတနာလင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဗိုဗိုဟန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ အခြေခံပညာအဆင့်(အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဝါဝါဝင်းရွှေလိှုင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မငွေယုအောင်(ခ) ရွှေရည်စန်းလွင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရွှန်းလဲ့ဝေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးစိုးသိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးအောင်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် မန္တလေးတိုင်းမှ မောင်သန့်ဇင်ထွေးနှင့် ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ တတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မောင်နေဇင်အောင်နှင့် ဧရာဝတီတိုင်းမှ ဦးအောင်ကိုသက်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်သက်အောင်၊ တတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မောင်နေမင်းထွန်းနှင့် မောင်အောင်ကျော်မိုး၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုကိုလှ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ညီညီဖြိုးဝေနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ပါပါအောင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ထိန်နန်းဇောင်နှင့် မောင်အောင်စည်မင်းထက်၊ တတိယဆုရရှိကြသည့် ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်နှင့် မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ အခြေခံပညာအဆင့်(အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်သန့်သူရဇော်နှင့် ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လွှမ်းမိုးအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်လွင်မီထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်ခိုင်ခိုင်လဲ့၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မတင်ဇာအေးလွင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ ဒေါ်ဥမ္မာနွယ်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မယဉ်မင်းထက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ တတိ
ငွေး၊ အခြေခံပညာအဆင့်(အသက် ၁၅
အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ
မန္တလေးတိုင်းမှ မငြိမ်းအေးသူ၊ အခြေခံ
၁၅နှစ်) အမျိုးသမီး စန္ဒရားအတီးပြိုင်
မရတနာဥ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ
မန္တလေးတိုင်းမှ မဝင့်ဝါဦး ၊ အခြေခံပည
အမျိုးသမီးစန္ဒရားအတီးပြိုင်ပွဲ၌ပထမဆု
ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေနဒီ
တိုင်းမှ မခိုင်ထက်ထက်လင်းတို့အား ဆ

ယင်းနောက် ကျန်းမာရေးဝန်ကြီး
ပိုင်စိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆ
တီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦး
ဦးလှမြင့်နှင့် မွန်ပြည်နယ်မှ ဦးသိန်းနိုင်၊
အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမ
ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်
မှ ဦးကျော်စွာလင်း၊ အဆင့်မြင့်ပညာအ
ပထမဆုရ ပဲခူးတိုင်းမှ မောင်သူရ၊ ဒုတိယ
ဝင့်ထက်နှင့် တတိယဆုရ ဧရာဝတီတိုင်
အဆင့် (အသက် ၁၅ နှစ်မှ ၂၀) အ
ဆုရ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်း
မောင်အောင်နိုင်စိုးနှင့် တတိယဆုရ ရန်
အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ
ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်
တိုင်းမှ မောင်မင်းထွဋ်နှင့် တတိယဆုရ
အခြေခံပညာအဆင့်(အသက် ၅နှစ်မှ
ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မော
တိုင်းမှ မောင်စောစကြာအောင်နှင့် တတိ
ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသ
ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၊ ဒုတိယဆုရ
တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်
အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမ
ဒုတိယဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်
တိုင်းမှ မရူပါအောင်လွင်၊ အဆင့်မြင့်ပည
ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစံ
တိုင်းမှ မဝင်းသီဂီကျော်နှင့် တတိယ
အခြေခံပညာအဆင့်(အသက် ၁၅ နှစ်
ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပိုး
တိုင်းမှ မလဲ့လဲ့ဝင်းနှင့် တတိယဆုရ ပဲ
ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်
ပထမဆုရ ဧရာဝတီတိုင်းမှ မမေမြတ်
မမေအေးအေးချမ်းနှင့် တတိယဆုရ ရှ
အခြေခံပညာအဆင့်(အသက်၅နှစ်မှ ၁၀
၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်
မမြဩဘာခင်နှင့် တတိယဆုရ ရန်ကုန်
ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ဦးတင်ရွှေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ တတိယဆုရ မန္တလေးတိုင်းမှ မရတနာ ငွေ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသိမ့်မျက်သွယ်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူ၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဉ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုပြည့်စုံမြင့်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဝင့်ဝါဦး ၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီးစန္ဒရားအတီးပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မခင်ယဉ်မင်းဆု၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေနဒီအောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးသန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးလှမြင့်နှင့် မွန်ပြည်နယ်မှ ဦးသိန်းနိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးတင်ရွှေ၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ ဦးကျော်စွာလင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်သူရ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ညဏ်ဝင့်ထက်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်သန့်ဇင်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) အမျိုးသားဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်း၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားဂီတာ အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်း၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးနိုင်ဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သာထူးစံ၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဉမ္မာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်နွေဇင်ဝင်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မချောယုလင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရူပါအောင်လွင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မဝင်းသိင်္ဂီကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မလှလှဝင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပိုးအိကြည်ဆန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်းနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ အခြေခံပညာအဆင့်(အသက်၅နှစ်မှ ၁၀နှစ်)အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မမြဩဘာခင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မယ်ဒလင်အတီးပြိုင်ပွဲ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်မှ မောင်ထွန်းနိုင်ဦး(ခ)မောင်ဖောင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးစန်းထွေးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ)ပေါက်ခေါင်း မောင်မောင်လေး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မောင်ထွန်းနိုင်ဦး(ခ)မောင်ဖောင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝင်းထွဋ်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းအောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ညဏ်ဝင့်ထက်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်အောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ အခြေခံပညာအဆင့်(အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်လှဘုန်းထက်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဉမ္မာနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဉမ္မာကျော်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြူနှင်းဝေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအေးအေးကျော်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရူပါအောင်လွင်နှင့် ဒုတိယဆုရ မဆုလဲ့ရည်အောင်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီး မက်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုစန္ဒာလှိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မလဲ့ရည်ဝင်းနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မအေးမြတ်မွန်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဆယ်နှစ်ပြည့် အိုင်စီတီပြပွဲကို ဂုဏ်ပြုသောအားဖြင့် ကျပ်သိန်း ၇၀ ကျော်တန်ဖိုးရှိ အထူးသင်တန်းကြေးလက်မှတ်များပေး

ရန်ကုန် အောက်တိုဘာ ၃၀

အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် (၁၀)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာအဆင့်မီ အိုင်တီနည်းပညာဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည့် M3 WI (Myanmar WWW Institute) ကျောင်းမှ စုစုပေါင်းကျပ်သိန်း ၇၀ ကျော် တန်ဖိုးရှိ အထူးသင်တန်းအပ်လက်မှတ်များကို ပြပွဲလာ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများထံသို့ ပြပွဲရက်အတွင်း ဖြန့်ဝေပေးသွားမည်ဟု သိရှိရသည်။

Citicom
Technoland
Thein Minn
LAPTOP, COMPUTER & DIGITAL MEDIA
UNIQUE Computer Center

အဆိုပါ M3WI ကျောင်းကြီးကို ၂၀၀၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၌ ပထမဦးဆုံး အင်တာနက်နှင့် ဝက်ဘ်နည်းပညာ အထူးပြု သင်တန်းကျောင်းကြီးဖြစ်သည်။ အိုင်တီနည်းပညာရှင်များနှင့် အိုင်တီပညာသင် ကျောင်းသား၊ ကျောင်းသူများကြား သင်တန်းပို့ချမှု အထူးကောင်းမွန်ကြောင်း အသိအမှတ်ပြုခံထားရသည့် သင်တန်းကျောင်းအဖြစ်ရပ်တည်လျက်ရှိသည်။

M3WI ၏ အထူးသင်တန်းအပ်လက်မှတ်များကို ဖော်ပြပါ အိုင်စီတီပြပွဲတွင် ပါဝင်ပြသမည့် Citicom, Technoland, Unique, Thein Minn စသည့် ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းဆိုင်ရာ အရောင်းပြခန်းကြီးများတွင် ကျပ်ငွေနှစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူမည်သူမဆို ရရှိမည်ဖြစ်သည်။

ပြပွဲရက်အတွင်း အထက်ပါ အိုင်တီကုမ္ပဏီကြီးလေးခုမှ နောက်ဆုံးပေါ် ပီစီ၊ လက်ပ်တော့၊ သရီးဂျီဖုန်း၊ အိုင်ပေါ့၊ အမ်ပီဖိုးပလေယာ၊ ပရင်တာ၊ စကန်နာနှင့် ကွန်ပျူတာဆော့ဖ်ဝဲမျိုးစုံကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်အပြင် မေတ္တာလက်ဆောင်အဖြစ် ဖော်ပြပါ M3WI ၏ အထူးသင်တန်းကြေးလက်မှတ်များကိုပါ ပူးတွဲပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

M3WI တွင် တက်ရောက်နိုင်သည့် သင်တန်းများမှာ နိုင်ငံတကာအဆင့်မီ ဝက်ဘ်ဆိုက်များ ရေးသားခြင်းဆိုင်ရာ (Web Essentials) သင်တန်း၊ NET နည်းပညာဖြင့် အွန်လိုင်းဆော့ဖ်ဝဲများ ရေးသားခြင်းဆိုင်ရာ (Net Application Developer) သင်တန်း၊ အင်တာနက်နှင့် ဝင်းဒိုးဆာဗာများ တပ်ဆင်အသုံးပြုခြင်းဆိုင်ရာ(Professional Server Administrator)သင်တန်း၊ ကွန်ပျူတာနှင့် နက်ဝက်ခ် တပ်ဆင်အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ(System Essentials) သင်တန်းနှင့်အတူ ပရော်ဖက်ရှင်နယ် ပရိုဂရမ်မာအဖြစ် ရပ်တည်လိုသူများအတွက် J2SE နှင့် J2EE နည်းပညာများကို အထူးပြုသည့် Java သင်တန်းများလည်း ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ကွန်ပျူတာဒီဇိုင်းဖန်တီးမှုနှင့် ဒီဂျစ်တယ်မီဒီယာ နည်းပညာရပ်များကို အခြေခံမှ စတင်လေ့လာလိုသော ကျောင်းသားများအတွက် (Professional Multi-Designer)သင်တန်း၊ 3D ဒီဇိုင်းများ တည်ဆောက်ခြင်းနှင့် လှုပ်ရှားပုံရိပ်များဖန်တီးခြင်း စသည့် အခြေခံဘာသာရပ်များကို ပို့ချမည့် (3D Animation & Modeling) သင်တန်းများကိုလည်း တက်ရောက်သင်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းအချက်အလက်နှင့် နည်းပညာပြပွဲတွင် အထူးသင်တန်းအပ်လက်မှတ်များကိုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မတိုင်မီ သင်တန်းကျောင်းတည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်များနယ်မြေ ဖုန်း-၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ တို့သို့ ဆက်သွယ်စုံစမ်းပြီး လာရောက်သင်တန်းအပ်နှံနိုင်ကြောင်း သိရှိရသည်။

ဤကဲ့သို့ အိုင်တီကုမ္ပဏီကြီးများ ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွင်း အိုင်တီနည်းပညာနယ်ပယ် ပိုမိုကျယ်ပြန့် တိုးတက်လာစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားသည့် အိုင်တီပညာရှင်လူငယ်များ ပိုမိုပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး ပြသဆဲ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် အောက်တိုဘာ ၃၀

အောက်တိုဘာ ၃၁ ရက် ယနေ့သောကြာနေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများဖြစ်သော သမ္မတနှင့် သွင်ရုံတို့တွင် ပြသဆဲ မြန်မာဇာတ်ကားသစ်ဖြစ်သည့် **'ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး'** ဟာသဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ပီပြင်သော ရိုက်ချက်ပိုင်ရှင် ဒါရိုက်တာမိုက်တီးက ရိုက်ကူးခြင်းဖြစ်ပြီး ဇာတ်လမ်းဇာတ်ညွှန်းမှာ ဂေါက်ကြီးဖြစ်သည်။ ချစ်သူဘဝတွင်ပင် ၎င်းတို့၏ချစ်သူကို အနိုင်ယူလွှမ်းမိုးချင်ကြသော အမျိုးသမီးများနှင့်၎င်းတို့၏ အနိုင်ယူလှည့်ဖြားမှုကို တန်ပြန်လှည့်ဖြား ပညာပေးလိုကြသည့် ချစ်သူ စုံတွဲများ၏ သဘာဝကို ဇာတ်ကားတွင် ပီပြင်စွာ မီးမောင်းထိုးပြထားပြီး ဟာသရောစွက် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။ လွင်မိုး၊ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ လင်းဇာနည်ဇော်၊ခိုင်သင်းကြည်၊ မေကဗျာနှင့် ဖူးစုံတို့ ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် အိန္ဒိယရုပ်ရှင် မင်းသားချော ဆယ်လ်မန်ခန်း ပါဝင်သရုပ်ဆောင်ထားသည့် HEROES ဇာတ်ကားပြသမည် ဖြစ်သည်။ မိုင်ထောင်ချီဝေးသောနေရာတစ်ခုသို့ စာသုံးစောင်ပို့ရန်အတွက် ၎င်းတို့ကျောင်းမှ တာဝန်ပေးခြင်းကိုခံရသော လူငယ်ကျောင်းသားနှစ်ဦး၏ဖြစ်ရပ်ကို ရိုက်ကူးထားသည့် ဇာတ်ဆန်းကားတစ်ကား ဖြစ်သည်။

မင်္ဂလာရုံတွင် နာမည်ကြီး သရုပ်ဆောင်မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ် ပါဝင်ရိုက်ကူးခဲ့သည့် အင်ဒီရာနာဂျုံး ဇာတ်လမ်းတွဲထဲမှ ဇာတ်လမ်းတစ်ခုဖြစ်သည့် INDIANA JONES AND THE KINGDON OF THE CRYSTAL SKULL ဇာတ်ကား ပြသမည်ဖြစ်သည်။ ထူးထူးဆန်းဆန်းနှင့် စွန့်စားမှုအသားပေးဇာတ်ကား နှစ်သက်သူများ အကြိုက်တွေ့စေမည့် ရုပ်ရှင်ကားတစ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင် သိပ္ပံခေတ်လွန်ဇာတ်ကား ကြိုက်နှစ်သက်သူ ပရိသတ်များအတွက် စက်ရုပ်စစ်သည်များနှင့် လူသားများ တိုက်ခိုက်ကြပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် HELL BOY 2 The Golden Army ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဆုထူးပန်ရုံတွင် မင်းသားချော ဆူနီရှက်တီးနှင့် ရှေဖားရှက်တီးတို့ ပါဝင် သရုပ်ဆောင်ထားသည့် PRITHVI အိန္ဒိယ အက်ရှင်ဇာတ်ကား၊ မြို့မရုံတွင် မင်းသားချော အာဂျေးဒေးဗ်ဂန် ပါဝင်သည့် HOGI PYAR KIJEET ရင်နှင့်ကြေကွဲဖွယ် ဇာတ်ကြမ်းကားနှင့် ဘုရင်ရုံတွင် မင်းသားရှာရွတ်ခန်း ပါဝင်ပြီး ၂၀၀၅ ခုနှစ် အကယ်ဒမီငါးဆုရ KAL HO NAA HO အိန္ဒိယဇာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

"ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး" ဟာသဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့မြင်ရစဉ်။

ကြေးမုံသတင်းအဖွဲ့လိုက်ပါသည့် မော်တော်ယာဉ်သည် မုံရွာ-ရေဦး လမ်းအတိုင်း မောင်းနှင်လာပြီး ဘုတလင်မြို့နယ်အဝင် ဖန်းခါးကျင်းကျေးရွာအရောက်တွင် အနောက်ဘက် မြေသားလမ်းသွယ်တစ်ခုကို ချိုးကွေ့ကာ ချင်းတွင်းမြစ်ကမ်းရှိ အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဦးတည်လိုက်သည်။

နံနက်ခင်း ၁၀ နာရီအချိန်ခန့်၊ အောက်တိုဘာလလယ် ကောင်းကင်ပြင်က ပြာမှိုင်းမှိုင်းအတားအဆီးမရှိ လွှမ်းခြုံကျရောက်လာသော နေခြည်က တောက်တောက်၊ မော်တော်ယာဉ်က ကုန်းကြောတစ်ခုကို ဖြတ်သန်းနေ၏။ စိုက်ပျိုးပြီးစ ပဲမျိုးစုံစိုက်ခင်းများက လမ်းဘေးဝဲယာမှာ စိမ်းမြမြ။ လမ်း၏ဝဲဘက်မှာ ပဲစင်းငုံခင်းများက ရင်တစ်တိုက်ခန့်၊ မျက်စိတစ်ဆုံး၊ ယာဘက်ကုန်းကြောတွင်ကား နှမ်းခင်းအချို့၊ တရိပ်ရိပ်ပြေးနေသည့် မော်တော်ယာဉ်နောက်တွင် ဝါကြန့်ကြန့် ဖုန်မှုန့်များ အလိပ်လိုက်၊ ၁၅ မိနစ်ခန့်အကြာ မောင်းမိလျှင်မြင်ကွင်းက ပြောင်းလဲလာသည်။ ရိတ်သိမ်းချိန်တန်တော့မည့် စပါးခင်းများ လမ်းဘေးဝဲယာက တပြန့်တပြော တွေ့လာရသည်။

✳ သီးနှံစိုက်ပျိုးရေးမှ

အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ယှဉ်တွဲဖြစ်ထွန်းလာသော ဘုတလင်မြို့နယ်၏ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို လျှပ်တစ်ပြက်လေ့လာခဲ့သည်။

အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် မုံရွာ-ရေဦးကားလမ်းပေါ်ရှိ ဖန်းခါးကျင်းကျေးရွာ အနောက်ဘက်ခုနစ်မိုင်အကွာ ချင်းတွင်းမြစ်နံဘေး အင်းတောရွာအနီးတွင် တည်ရှိသည်။

မိုးစပါးစိုက်ခင်းများ နိုဝင်ဘာလလယ်ခန့်တွင် ရိတ်သိမ်းနိုင်မည်ဟု ဆိုသည်။ တိတိကျကျဆိုရသော် အင်းတောလျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ စုပ်တင် ဖြန့်ဖြူးပေးသည့် ရေဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် စပါးခင်းများဖြစ်သည်။

အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်တွင် မုံရွာခရိုင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အေးက သတင်းအဖွဲ့အား "အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၉ရက်တွင် စတင်ခဲ့ပြီး ၂၀၀၃ခုနှစ် ဇွန် ၃၀ရက်တွင် ပြီးစီးခဲ့ကြောင်း၊ သီးနှံစုံဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်အောင် ရည်ရွယ်တည်ဆောက်ထားပြီး ယခုအချိန်တွင် နွေနှင့်မိုးစပါးစိုက်ဧက ၃၀၀၀ နှင့် အခြားသီးနှံစုံစိုက်ဧက ၇၀၀၀ ၏ လိုအပ်သော စိုက်ပျိုးရေကို ပေးဝေလျက်ရှိကြောင်း၊ ၂၀၀၄-၂၀၀၅ စိုက်ပျိုးရာသီအထိ ဒီဇယ်သုံး မြစ်ရေတင်မှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် လျှပ်စစ်မြစ်ရေတင်အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ မြောင်းမကြီးတစ်မြောင်းအရှည် ပေ ၂၂၀၅၀ နှင့် လက်တံမြောင်းလေးမြောင်း ပေ ၄၇၃၀၀ တို့မှ အင်းတော၊ ကွမ်းခြံ၊ ထန်းတော၊ ညောင်သူမြား၊ ကျီစု၊ ဇီးတော၊ ကံဆွယ်၊ ဖန်းခါးကျင်း၊ မရိုးတော၊ ရေအိုးစင်ကျေးရွာအုပ်စုများနှင့် ခဝဲကျင်းကျေးရွာများရှိ စိုက်ဧကများသို့ ရေပေးဝေလျက်ရှိကြောင်း" ဦးစွာရှင်းပြသည်။

ဆက်လက်၍ "အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ရေတင်အဆင့်(၂)ဆင့်ရှိပြီး ရေတင်အမြင့် (PS 1)မှာ မြစ်ရေပြင်မှ အမြင့် ၆၃ ပေနှင့် (PS 2)မှာ အမြင့်ပေ ၄၀ဖြစ်ကြောင်း၊ ရေတင်အဆင့်ပထမအဆင့်တွင် ၃၀ကျို့စက် 315KW ခြောက်လုံး နှင့် ဒုတိယအဆင့်တွင် ၃၀ကျို့စက် 280 KWခြောက်လုံးဖြင့် ရေစုပ်တင်ပြီး ရေတင်စက်ရုံ နှစ်ရုံရှိကြောင်း" ဖြင့် ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် မြစ်ကမ်းနဖူးမှ ရေတင်စက်ရုံများကို လေ့လာခဲ့သည်။ ရေငြိမ်ကန်ကို ကြည့်ရှုသည်။ ပင်မမြောင်းမှ ရေပို့လွှတ်မှုများကို စေ့ငုသည်။ ရေပေးစနစ်တွင် သဘာဝမြေသားမြောင်း၊ လယ်ကြားမြောင်းများမှ ကွက်ဆင့်သောက် စနစ်ဖြင့် ရေပေးဝေနေကြောင်းလည်း သိခဲ့ရသည်။

ရေပေးဝေမှုကို ဖြစ်ထွန်းအောင်မြင်နေသည့် စပါးခင်းများအတွင်း လိုက်လံကြည့်ရှုလေ့လာရင်း ထန်းတောကျေးရွာအနီးအရောက်တွင် ထန်းတောရွာမှ လယ်သမားအချို့နှင့် တွေ့ဆုံခဲ့ရသည်။

ပထမဆုံးတွေ့ဆုံခဲ့ရသူမှာ ဦးဝင်းလှိုင်ဖြစ်သည်။

ဦးဝင်းလှိုင်မှာ တုတ်ခိုင်သောကိုယ်နှင့် ညိုသောအသားရှိသူ ဖြစ်သည်။ အမြဲလိုလို ပြုံးနေတတ်သည်။

"မြစ်ရေတင်စီမံကိန်း မရှိမီက ယာမြေတွေပါပဲ။ မိုးပဲ၊ နှမ်းတွေစိုက်ခဲ့ရတာပါ။ ဆောင်းမှာ ကုလားပဲ၊ ဂျုံ၊ နွေမှာတော့ ဘာမှမစိုက်နိုင်ပါဘူး။ အညာဒေသဆိုတော့ မိုးသီးနှံက ရေရေရာရာ မရှိပါဘူး။ တိုက်ဆိုင်မှု ကောင်းမှ ဖြစ်တာပါ။ ရာသီကို မှီခိုရတာကြောင့်ပါ။ စပါးစိုက်တာ လေးရာသီ ရှိပါပြီ။ နွေနှင့် မိုးစပါးပါ။ ဒီအင်းတောမြစ်ရေတင် စီမံကိန်းပြီးမှ ကျွန်တော်တို့ ယာတွေလယ်စိုက်လာကြတာ မြေငါးဧကရှိပါတယ်။ အဓိက စိုက်တာ ဆင်းသွယ်လတ်၊ ဆင်းနွယ်ရင်စတဲ့ သက်လျင်စပါးမျိုးတွေပါ။ ရွှေဘို (၁)က နွေမှာ အစိုက်များပါတယ်။ မိုးစပါး တစ်ဧက တင်း ၈၀မှ ၉၀နဲ့ နွေစပါးက တင်း ၁၀၀ကျော် ထွက်ပါတယ်။ ဆန်ဝယ်မစားရတော့ဘူးဗျာ။ ပြန်တောင် ရောင်းရတယ်။ ဆောင်းသီးနှံက ပဲစိုက်ဖို့ စီစဉ်ထားပါတယ်။

နိုင်ငံတော်က ရေရရှိရေး စီမံပေးတာကြောင့် မိုးစပါး၊ နွေစပါးတွေ စိုက်လာနိုင်တယ်။ ကျွန်တော်တို့အဖို့ ဝမ်းစာဖူလုံလာတယ်။သုံးရေ သောက်ရေ အဆင်ပြေသွားတယ်။ သုံးသီးစားစနစ်ကြောင့် ငွေကြေးချောင်လည်လာတယ်၊ ဒီထက်ကောင်းတာ ဘာများရှိဦးမလဲဗျာ"ဟု ဆိုသည်။

"အရင်က ဆန်ကို ဘုတလင်မြောက်လက် ငပရင်းရွာ၊ ဆည်ဝရွာတို့ သွားဝယ်ရတယ် အခုတော့ မဝယ်ရတော့ဘူး ဝမ်းစာပြည့်စုံပြီး ကောက်ရိုးတောင်ပြန်ရောင်းနေရပြီ" (ဦးပြား-ထန်းတောရွာ)

"မြစ်ရေတင်စီမံကိန်းမရှိခင်က ယာမြေတွေပါပဲ၊ ဆောင်းမှာ ကုလားပဲ၊ ဂျုံ၊ နွေမှာတော့ ဘာမှ မစိုက်နိုင်ပါဘူး" (ဦးဝင်းလှိုင်-ထန်းတောကျေးရွာသား)

ဒုတိယတွေ့ဆုံရသူမှာ ဦးအောင်သန်းဝင်းဖြစ်သည်။

ဦးဝင်းလှိုင်နှင့် လယ်ကန်သင်းကပ်လျက်ဖြစ်ပြီး မြေငါးဧကရှိသည့် လယ်သမားတစ်ဦး ဖြစ်သည်။ ဦးအောင်သန်းဝင်းက "စောစောက ကိုဝင်းလှိုင်ပြောထားတဲ့အချက်တွေဟာ ကျွန်တော်တို့ ဒီနယ်သားတွေရဲ့ အဖြစ်မှန်တွေပါပဲ။ ထပ်မပြောလိုတော့ကြောင်း၊ လယ်သမား/ယာသမားတစ်ဦးအနေဖြင့် မြေရှိမယ်။ ရေရှိမယ်ဆိုရင် လုံ့လဝီရိယစိုက် လုပ်ကိုင်ရုံဖြင့် အကျိုးကျေးဇူးခံစားရမှာ ဖြစ်ကြောင်း၊ မိမိတို့အတွက် ထူးခြားသည်မှာ စိုက်ပျိုးရေကို နိုင်ငံတော်က အခုလို စီစဉ်ပေးတဲ့အတွက် သီးနှံအထွက်ပိုလာကြောင်း၊ ဝမ်းစာမပူရတော့ကြောင်း၊ ဆန်ဝယ်စားသူများ မဟုတ်တော့ဘဲ ဆန်ရောင်းသူများ ဖြစ်လာကြောင်း" ဖြင့် ဆိုသည်။

"လယ်သမား၊ ယာသမားတစ်ဦးအနေဖြင့် မြေရှိမယ်၊ ရေရှိမယ်ဆိုရင် လုံ့လဝီရိယစိုက်ထုတ်လုပ်ကိုင်ရုံဖြင့် အကျိုးကျေးဇူးခံစားရမှာ" (ဦးအောင်သန်းဝင်း-ထန်းတောရွာ)

ကြေးမုံအဖွဲ့ နောက်ဆုံးတွေ့ဆုံခဲ့သူမှာ အသက်(၇၀) အရွယ်ရှိ အဘဦးပြား ဖြစ်သည်။ ကျန်းမာသန်စွမ်းသည့် လယ်သမားကြီးဖြစ်သည်။

"အရင်ကဗျာ ဆန်သုံးတင်းပြည့်အောင် တစ်ခါတည်းဝယ်မထား၊ ဝယ်မစားနိုင်ခဲ့ပါဘူး။ ခုနက မောင်ဝင်းလှိုင် တို့၊ အောင်သန်းဝင်းတို့လိုပါပဲ။ ဆောင်းတစ်သီး အားကိုးနေရတာ။ ကျွဲစာ၊ နွားစာလည်းရှားသပေါ့။ နွေမှာ နှံစားပြောင်း နွားစာ စိုက်ရသေးတယ်၊ မလောက် ထွက်ဝယ်ပေါ့။ လူစာထက် တိရစ္ဆာန်စာက ပိုအရေးကြီးတယ်။

အရင်က ဆန်ကို ဘုတလင်မြောက်လက် ငပရင်းရွာ၊ ဆည်ဝရွာတို့ သွားဝယ်ရတာ။ အခုတော့ မဝယ်ရတော့ဘူး။ ဝမ်းစာပြည့်စုံပြီး ကောက်ရိုးတောင် ပြန်ရောင်းနေပြီဗျ"ဟု အပြုံးသား ဆိုသည်။

"အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ သီးနှံစုံစိုက်ဧက ၁၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်"

(ဦး တင် အေး-ဦးစီးမှူး၊ မုံရွာခရိုင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန)

ကျုပ်မှာ လယ်နှစ်ဧကရှိသဗျ။ နွေစပါး၊ မိုးစပါး စိုက်တယ်။ နှစ်ရာသီကို စပါး ၄၀၀ နီးနီးရသဗျ။ မြစ်ရေတင်ပေးမှုပေါ့ဗျာ။ မောင်မင်းကြီးသားများ ကျန်းမာချမ်းသာကြပါစေ။ သာဓု၊ သာဓု၊ သာဓုဟု ပွင့်လင်းစွာ ဆို၏။

ထန်းတောရွာသည် ဘုတလင်မြို့နယ်၏ အစိတ်အပိုင်းငယ်တစ်ခုဖြစ်သည်။ ထန်းတောရွာသည် အင်းတောလျှပ်စစ် မြစ်ရေတင် စီမံကိန်း၊ ရေသောက်ဧရိယာ ကျေးရွာများထဲမှတစ်ရွာ ဖြစ်ပါသည်။

ဘုတလင် မြို့နယ်သည် မုံရွာခရိုင်ရှိ မြို့နယ်ရှစ်မြို့နယ်မှ တစ်မြို့နယ် ဖြစ်သည်။

မုံရွာခရိုင်သည်လည်း စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်ရှစ်ခုထဲတွင် တစ်ခု အပါအဝင်ဖြစ်သည်။

ထန်းတောရွာ၏ စိုက်ပျိုးရေးစနစ်အခြေခံကျကျ ပြောင်းလဲမှုများသည် ဘုတလင်မြို့နယ်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းတိုင်းတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖြစ်ထွန်းတိုးတက်မှု၏ အဓိကအစိတ်အပိုင်းဟု ဆိုသော် လွန်မည်မထင်ပေ။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်းတစ်တိုင်းလုံးတွင် ထန်းတောရွာကဲ့သို့သော ကျေးရွာပေါင်း ထောင်ချီရှိနေ၍ပင်တည်း။ ။

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ တပ်မတော်ခန်းမ၌ ပြသမည်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (10th Anniversary ICT Exhibition)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် Myanmar Professionals Education (MPEC)က မလေးရှားနိုင်ငံ Cambridge ICT အသိအမှတ်ပြု ဒီပလိုမာသင်တန်းများဖြစ်သည့် CICT Diploma in Software Engineering နှင့် CICT Diploma in Business IT. သင်တန်းများ၊ စင်ကာပူနိုင်ငံရှိ Beacon School of Technology နှင့် MPEC တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်မည့် Double Certificate ပေးအပ်မည့်သင်တန်းများဖြစ်သည့် Microsoft.NET, Java Programming, Web Design အစရှိသည့် သင်တန်းများအကြောင်းကိုလည်းပြသထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။

✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

နည်းပြသစ် ဟယ်ရီရက်နက်ပ် (သို့) စပါးအသင်း၏ ကယ်တင်ရှင်ဖြစ်လာမည့်သူ

လန်ဒန် အောက်တိုဘာ ၃၀

(၅၃)နှစ်အတွင်း အဆိုးရွားဆုံး ရလဒ်များဖြင့် ရင်ဆိုင်ခဲ့ရသည့် စပါးအသင်းသည် ပွဲစဉ်(၈)အပြီးတွင် ရမှတ် နှစ်မှတ်သာရရှိခဲ့ကာ ယူအီးအက်ဖ်အေတွင်လည်း ရှုံးပွဲကြုံခဲ့ရသည်။ သို့အတွက်ကြောင့် အသင်းဥက္ကဋ္ဌ လီဗီသည် ယင်းကိစ္စတွင် အဓိကတာဝန်ရှိသည့် နည်းပြရာမို့စ်နှင့်အတူ လက်ထောက်နည်းပြ ပိုယက်၊ အားကစားဒါရိုက်တာ ကိုမိုလီနှင့် ပထမအသင်း၏ နည်းပြအဲလ်မာရက်စ်တို့ကိုပါ တစ်ပြိုင်တည်း ထုတ်ပယ်ခဲ့သည်။

ပရိသတ်များ၏အမျက်ဒေါသရန်မှ ရှောင်ရှားနိုင်ရေးအတွက် နည်းပြရာမို့စ်အား ထုတ်ပယ်လိုက်ပြီး ပို့စ်မောက်နည်းပြ ဟယ်ရီရက်နက်ပ်ကို အစားထိုးခန့်အပ်လိုက်သည့် အသင်းဥက္ကဋ္ဌ လီဗီ၏လုပ်ရပ်မှာ လတ်တလောအခြေအနေအရ မှန်ကန်သည်ဟု ဆိုရမည်ပင်ဖြစ်သည်။ ဘာသာစကားအခက်အခဲရှိသည့် ရာမို့စ်နှင့် စပါးကစားသမားများအကြားတွင် သဘောထားကွဲလွဲမှုများရှိခဲ့ပြီး အသင်း၏ အဓိက ကစားသမား အများစုကလည်း ရာမို့စ်အပေါ် ယုံကြည်မှုအလျှင်းမရှိကြောင်း တင်ပြခဲ့ကြသည်။

စပါးအသင်းသည် ရာမို့စ်နှင့်အဖွဲ့အား ထုတ်ပယ်လိုက်ခြင်းအတွက် လျော်ကြေးငွေပေါင် နှစ်သန်းကျော် ကုန်ကျခဲ့ပြီး ဟယ်ရီရက်နက်ပ်အား ခေါ်ယူခဲ့ခြင်းအတွက် ပို့စ်မောက်အသင်းသို့ လျော်ကြေးငွေ ပေါင်ငါးသန်းပေးခဲ့ရသည်။ ထို့ကြောင့် စပါးအသင်းသည် တစ်နှစ်အတွင်း နည်းပြအပြောင်းအလဲများအတွက် လျော်ကြေးငွေပေါင် ၁၂ သန်းခန့် သုံးစွဲခဲ့ရသည်။ ထို့အတူ စပါးအသင်းသည် သုံးနှစ်အတွင်းကစားသမား အပြောင်းအရွှေ့ကိစ္စအတွက် ပေါင် ၁၇၅ သန်းကျော် သုံးစွဲခဲ့သော်လည်း အောင်မြင်မှုအနေဖြင့် ရာမို့စ်လက်ထက်တွင် ကားလင်းဖလားတစ်လုံးသာ ရရှိခဲ့သည်။

ယခု နည်းပြသစ်ဖြစ်သည့် အင်္ဂလန်နိုင်ငံသား ဟယ်ရီရက်နက်ပ် စတင်ကိုင်တွယ်သည့် ဘော်လ်တန်နှင့်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်(၁၀)တွင် အာဆင်နယ်အား အဝေးကွင်းတွင် လေးဂိုးစီ သရေကစားနိုင်ခဲ့ခြင်းကြောင့် စပါးအတွက် ရလဒ်ကောင်းများ စတင်ရရှိခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။ ရာမို့စ်အား ထုတ်ပယ်လိုက်ပြီး နည်းပြသစ် ဟယ်ရီရက်နက်ပ် ရောက်ရှိလာချိန်တွင် စပါးကစားသမားများ စိတ်ဓာတ်တက်ကြွလာကြပြီး အနိုင်ရလိုစိတ်များလည်း ပြင်းပြလာသည်ကိုတွေ့လာရသည်။ သို့အတွက်ကြောင့် ပြီးခဲ့သည့် နှစ်ပွဲတွင် ဟယ်ရီရက်နက်ပ်အတွက် ဈေးဦးပေါက်ကောင်းခဲ့သလို လက်ရှိ စပါးအသင်းရင်ဆိုင်နေရသည့် ရလဒ်ဆိုးများမှ ရုန်းထွက်နိုင်ကာ တန်းဆင်းဇုန်မှလည်း လွတ်မြောက်နိုင်အောင် နည်းပြသစ်အင်္ဂလန်သားကြီး ဟယ်ရီရက်နက်ပ် အနေဖြင့် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ (လစ်လပ်သွားသည့် ပို့စ်မောက်နည်းပြနေရာ၌ လက်ထောက်နည်းပြ တိုနီအဒမ်ကို ခန့်အပ်လိုက်ကြောင်း သိရသည်။)

ဝင်းတင် (ကြေးမုံ)

လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်

ရန်ကုန် အောက်တိုဘာ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်း ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်လယ်ဝေးတွင် ၁ ဒသမ ၀၂ လက်မ၊ နေပြည်တော်(သပြေကုန်း)နှင့် နေပြည်တော်တပ်ကုန်းတို့တွင် ၀ ဒသမ ၅၁လက်မစီ၊ နေပြည်တော်(ရေဆင်း)တွင် ၀ ဒသမ ၄၃လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၀၂လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၅၄လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၃၅လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၃၆လက်မ၊ တောင်တွင်းကြီးမြို့တွင် ၂ဒသမ၀၅လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၀၁လက်မ၊ မိတ္ထီလာမြို့တွင် ၁ဒသမ၆၅လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ၆၁ လက်မ၊ နေပြည်တော်ပျဉ်းမနားတွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၃၁ရက်ညနေထိ ခန့်မှန်းချက်။ ။မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်)	၂၉-၁၀-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)	၃၀-၁၀-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း	၃၀-၁၀-၂၀၀၈
နေပူသည့်နာရီပေါင်း ၅ ဒသမ ၄ နာရီခန့်	၂၉-၁၀-၂၀၀၈

မြိတ်မြို့ နတ်စင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်း

မြိတ် အောက်တိုဘာ ၉

တနင်္သာရီတိုင်း မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရေပုန်းရပ်ကွက် နတ်စင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုကို အောက်တိုဘာ ၈ ရက်က မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်/ဆက်)

အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက ဗီယက်နမ်အမျိုးသမီးအသင်းကို ရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၃၀

အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲ (က)အုပ်စု ပွဲစဉ်များကို ယနေ့ ဒေသစံတော်ချိန် ၆ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးအသင်းက ဗီယက်နမ်အမျိုးသမီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အုပ်စု(က)တွင် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားပြီး နိုဝင်ဘာ ၁ ရက်တွင် စင်ကာပူ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ ၀၉ မိနစ် ၂၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၀၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ပါကစ္စတန်နိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥက္ကံမြို့ ရာပြည့်ပွဲတော် ဟောပြောပွဲနှင့် ဖျော်ဖြေပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ နှစ် (၁၀၀) ပြည့်နှင့် ဥက္ကံမြို့နယ်လုံးဆိုင်ရာ တန်ဆောင်တိုင် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ရက်အထိ ကျင်းပရန် ကျင်းပရေးဗဟိုကော်မတီက စီမံဆောင်ရွက်လျက်ရှိသည်။

ယင်းအခမ်းအနားများ ကျင်းပရာတွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁နာရီတွင် ဥက္ကံမြို့ ရွှေကံသာခန်းမရှေ့၌ ဥက္ကံမြို့ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲကျင်းပပြီး ခန်းမတွင်း၌ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ဥက္ကံမြို့ သမိုင်းဆိုင်ရာ အထောက်အထား စာတမ်းများ ဖတ်ကြားခြင်း ပြုလုပ်ကြမည်ဖြစ်သည်။

ထိုနေ့ညနေပိုင်းတွင် စာပေဟောပြောပွဲ ကျင်းပရာ၌ လယ်တွင်းသားစောချစ်၊ ချစ်ဦးညို၊ မောင်သိန်းလွင်၊ ရုပ်ရှင်သရုပ်ဆောင် ထူးသာတို့ ပါဝင်ဟောပြောမည်ဟု သိရသည်။ ထို့ပြင် ပွဲတော်ရက် ဖျော်ဖြေမှုအဖြစ် သီချင်းဆိုပြိုင်ပွဲ၊ စင်တင်တေးဂီတ၊ ဇာတ်၊ အငြိမ့်၊ ဆိုင်း၊ ရုပ်ရှင်များဖြင့်တင်ဆက်မည်ဖြစ်သည့်အပြင် ရပ်ကွက်အလိုက် အားကစားပြိုင်ပွဲများလည်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မြန်မာစာမြန်မာစကား
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၁၈)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း -၂၀)**
	၂၄။	သင့်အတွက် မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

သတိပေး နှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၁၃)မှုတွင် ရောင်းချသူ(၁၁)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်သူနှစ်ဦးအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော်   အောက်တိုဘာ   ၃၀

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ အထူးဖိတ်ကြားထားသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်လိန်းမောင်းပန်နှင့် ဒေါ်ကေခိုင်ဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

သီးနှံစိုက်ပျိုးရေးအတွက် အပြည့်အဝအကျိုးပြုနေသည့် အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်း

သတင်းဆောင်းပါး
ဇော်ဝင်း(ကြေးမုံ)

သတင်းဓာတ်ပုံ
ခင်မောင်ဝင်း(ကြေးမုံ)



အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေတင်အဆင့်(၁)တွင် ရေငြိမ်ကန်အတွင်းသို့ ချင်းတွင်းမြစ်ရေကိုစုပ်တင်ကာ ပင်မမြောင်းသို့ တိုက်ရိုက်ပို့လွှတ်ပေးစဉ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အခြေခံစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်(၄)ရပ်၏ ပထမဆုံးအချက်မှာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟု ထည့်သွင်းချမှတ်ထားသည်။ ချမှတ်ထားသောဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် ပြည်နယ်နှင့်တိုင်းအလိုက် ဖော်ဆောင်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်း(၁၄)ခုတွင် စစ်ကိုင်းတိုင်းသည် ဧရိယာကြီးမားကျယ်ပြန့်ပြီး စိုက်ပျိုးရေးကဏ္ဍ၌ သိသာထူးခြားသော တိုးတက်အောင်မြင်မှုများရရှိနေသော တိုင်းဖြစ်သည်။ စစ်ကိုင်းတိုင်း၏ ဒေသအများစုမှာ မိုးနည်းရပ်ဝန်းတွင် ကျရောက်လျက်ရှိပြီး ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ စက်မှုကုန်ကြမ်းသီးနှံ ဝါတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်သည်။ စပါးစိုက်ပျိုးမှုတွင်လည်း တိုင်း၏ စားသုံးမှုလိုအပ်ချက် ဖူလုံပိုလျှံလာသည်အထိ ရှိလာခဲ့ပြီဖြစ်သည်။

ထိုသို့ဖူလုံပိုလျှံလာစေရန် စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကြေးမုံသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း မုံရွာခရိုင်သို့ရောက်ရှိစဉ် မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့✳**

ဘုတလင်မြို့နယ် ထန်းတောရွာအနီးမှ ပဲစင်းငုံနှင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရစဉ်။